မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၅၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ရှမ်းမငယ်ရေလှောင်တမံစီမံကိန်းတည်ဆောက်လျက်ရှိ

မုန့်တိုင်ဆည်နှင့် မိတ္ထီလာကန်အကြား ဆည်ရေဖြင့် စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

မုန့်တိုင်ဆည် သဲနုန်းပို့ချမှုလျော့နည်းစေပြီး ရေကူပေးမှုကို အကျိုးပြုစေမည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မိတ္ထီလာကန်တွင် ရေပြည့်မှတ်နီးပါး ရေဝင်ရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

နေပြည်တော် ဇွန် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှတစ်ဆင့် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု မုန့်တိုင်ဆည်ရေကူပေးမည့် ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ဒေါ်စုကြည်ကတော့ မိမိနိုင်ငံကို နှစ်ပေါင်း ၁၀၀ ကျော် ကုပ်သွေးစုပ် ခြယ်လှယ်ခဲ့ပြီး မရနိုင်တဲ့ အဆုံးကျတော့ မစားရတဲ့အမဲ သဲနဲ့ပက်၊ တိုင်းရင်းသားတွေကို သွေးခွဲလို့ တိုင်းပြည်ပျက်အောင် ဖန်တီးခဲ့တဲ့ အင်္ဂလိပ်၊ မိမိကို မွေးဖွားသန့်စင်စောင့်ရှောက်ခဲ့တဲ့ မိမိရဲ့ဖခင်ကို သတ်ခဲ့တဲ့ အဓိကတရားခံလူသတ်သမား အင်္ဂလိပ်ကိုမှ အိမ်ထောင်ဖက်ရွေးခဲ့သူရဲ့ မွေးနေ့ကို အကြောင်းပြုပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်မယ်ဆိုရင် ကာယကံရှင် ဒေါ်စုကြည်တော့ ဘယ်လိုနေမလဲမသိ၊ ကျွန်မသာဆိုရင်တော့ ကိုယ့်မျက်နှာကို ဓားနဲ့လှီးပြီး အင်္ဂလန်သာ ပြန်ပို့လိုက်ချင်တော့တာပါပဲရှင်။

ဒေါ်ဝေဝေမွန်၏ ဆောင်းပါး (စာ ၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

19-6 (01) 1 6/18/07, 1:58 PM

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၉ ရက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပူးပေါင်းလက်တွဲ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ ဆက်သွယ်ရေးလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ပေးခြင်းဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည်။

တစ်နိုင်ငံလုံးတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံစီမံကိန်း ၂၀၀ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့်အပြင် မြစ်ရေတင်လုပ်ငန်းများမှ ရေပေးဝေမှုဖြင့် နွေစပါး၊ မိုးစပါး၊ သီးထပ်သီးညှပ် သီးနှံစုံစိုက်ပျိုးလျက်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီ ဖြစ်သည်။

ထို့ပြင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကိုလည်း ကူညီပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပြည်သူများ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတစ်ဝန်း၌ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက်ကို ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တိုင်းရင်းသားပြည်သူများက ပူးပေါင်းလက်တွဲ၍ ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက် ရေး အတွက်နှစ်ဖက် သောမိဘများ နှင့် ဦးလှမြင့် (ဘို က လေး) အား ရည်စူး၍ ဒေါ်မြင့်မြင့်စိန် နှင့် သားသမီး၊ မြေး တစ် စု က အလှူ ငွေ ကျပ် တစ် သိန်း ကို ပြင်သစ် နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အထက(၂)မိတ္ထီလာ နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်နှင့် ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၈

မန္တလေးတိုင်း မိတ္ထီလာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၇ခုနှစ် ဩဂုတ်တွင် နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် နှစ်(၅၀)ပြည့်ရွှေရတုပွဲတော်နှင့် ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဩဂုတ်၃ရက်မှ၅ရက်အထိ အဆိုပါကျောင်းဝင်းအတွင်း ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

နှစ်၅၀အတွင်း အဆိုပါကျောင်းတော်ကြီးတွင် ပညာရည်နို့တိုက်ကျွေး သင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီး သက်ရှိထင်ရှား ဆရာ ဆရာမကြီး ၁၀၀တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစောငွေး ဖုန်း–၀၆၄–၂၃၆၆၀၊ ဦးဆုမြိုင်–ဒေါ်ရင်ရင် ဖုန်း–၀၁–၅၈၄၇၈၈၊ ဦးဇော်ဦး–ဒေါ်မြင့်မြင့်သန်း ဖုန်း–၀၆၄–၂၃၇၃၆၊ ဒေါ်ရီရီ ဖုန်း–၀၆၄–၂၃၄၀၄၊ ဦးဝင်းမြင့် ဖုန်း–၀၆၇–၂၃၄၀၈၊ ဦးတင်ထွေး ဖုန်း–၀၆၄–၂၄၇၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲကို ဇွန် ၁၁ရက်က ပြည်မြို့ ပညာရေးကောလိပ်ကျောင်း ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့်အဖွဲ့ဝင်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်နှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အမျိုးသမီး ရေးရာအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံးက လူမှောင်ခိုနှင့်လူကုန်ကူးမှုများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့ မှူးရုံး ရဲအုပ်ခင်မာဝေက အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ် စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဥပဒေဦးစီးအရာရှိ ဒေါ်အေးအေးချစ်က အမျိုးသမီးများရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြော ဆွေးနွေးကြသည်။

အဆိုပြုလွှာပေး

ယင်းနောက် အဖွဲ့ဝင် အဆိုပြုလွှာ ၂၉၄ စောင်ကို ပညာရေးကောလိပ်ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မူမြင့်က ပေးအပ်ရာ အဖွဲ့နာယက ဒေါ်သိန်းပိုင်က လက်ခံရယူပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အလှူငွေ ကျပ် ၁၂၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ခေတ္တရာအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၈

ခေတ္တရာအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင် အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ဆက်သွယ်လှူဒါန်းရန်မှာ ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးငွေအောင် ဖုန်း–၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် ဖုန်း–၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း–၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း–၂၄၉၀၉၂တို့ဖြစ်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၉–၆–၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(အရှေ့တိုင်း ပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၀	၅။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၁၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၁၇:၂၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၁။	**"ငါးရစ်မျိုးငါး––––တို့မစား"** ဇော်၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ–ရဲဝင်းနီ)
၁၉:၀၀	၁၂။	**"ကျွန်တော်နိုင်ငံရေးသမား"**
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သန်းတစ်ရာရွှေအိပ်မက်"** (အပိုင်း–၉)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ဒုတိယချစ်ပုံပြင်"** (အပိုင်း–၂၀)
	၁၈။	နောက်တစ်နေ့အစီအစဉ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၆–၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ဆရာ–ဒကာ ဆက်ဆံရေးသင်တန်း (ပထမပိုင်း) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော် (နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်)
၈:၃၀	Sunday Talk
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ကျန်းမာစေမည်'ပဲပိစပ်ဆီ'
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅	Music Gallery (နတ်ရေကန်လေးထဲက ရွှေမာလာ–ပိုးအိစံ)
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀	တီကောင်စွန့်ပစ် ဩဂဲနစ်
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	မြန်မာ့ခြင်းလုံး
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	ကွန်ရက်ပမာယှက်သွယ်ဖြာ
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	မြန်မာ့ဘောလုံး၏ ခြေလှမ်းသစ်များ (ဘာရာဇီးလူမျိုးနည်းပြနှင့်တွေ့ဆုံခြင်း)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရဝေအောင်နှင့်တွေ့ဆုံခြင်း"
၁၂:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုင်းခတ်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် မိုင်းခတ်တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဇွန် ၈ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းခတ်တပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ၏ ရှင်သန်အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုင်းခတ်မြို့နယ် ဝမ်ပြန်ကျေးရွာ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေးက မြို့နယ်အတွင်း ကြက်ဆူပင်စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးသည် လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းခတ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်ပြီး ပညာသင်ထောက်ပံ့ပေးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ရှင်းရှင်းနီးနီး

ထို့နောက်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကမှ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ကိုက လက်ခံရယူပြီး တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် စာသင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းခတ်မြို့အထွက် မိုင်းခတ်–မိုင်းယန်းကားလမ်းဘေး ဝမ်မိုင်ကျေးရွာ တောင်ယာကြား မြေဆီထိန်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ခင်က တောင်ယာကြား မြေဆီထိန်း ခြံစည်းရိုးကြက်ဆူပင်များအား သတ်မှတ်အကွာအဝေးအလိုက် A frame ဖြင့် အမြင့်ညီကွန်တိုဖော် စိုက်ပျိုးမှုကို လက်တွေ့ရှင်းလင်းပြသပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ဆောင်ရွက်ထား

ဆက်လက်၍ တိုင်းမှူးသည် မိုင်းခတ်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် လက်တွန်းထွန်စက်များဖြင့် မြေပြုပြင် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁)ရပ်ကွက် တောင်သူဦးအိုက်နန်၏ ဆင်းရွှေဝါ နွေစပါးစံကွက် ရိတ်သိမ်းမှုအား ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက နွေစပါး စိုက်ပျိုးထွက်ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများဖြစ်သည့် ရှမ်းမငယ်ချောင်းကို မြေသားတမံဖို့မှု လုပ်ငန်းအဆင့်ဆင့် တည်ဆောက်နေဆဲတွင် ဧကပေ၂၆၀၀ တမံအတွင်း ရေသိုလှောင်ရရှိမှု၊ တမံအတွင်းပိုင်း ကျောက်စီနေမှု၊ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုနှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ရှမ်းမငယ် ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မိတ္ထီလာကန်ကို ရေဖြည့်ပေးနေသည့် ၁၉၆၆ခုနှစ်က တည်ဆောက်ခဲ့သော မုန်တိုင်ဆည်သဲနုန်းပို့ချမှု လျော့နည်းစေရန်နှင့် မုန်တိုင်ဆည် ရေကူပေးနိုင်ရန် အကျိုးပြုမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံပြီးစီးသည့် အပိုင်းနှင့် ချောင်းနေရာ၌ ပင်မတမံကို စက်ယန္တရားများဖြင့် မြေသားဖို့ လုပ်ငန်းဆောင်ရွက်နေမှု၊ တည်ဆောက်ပြီး ရေထုတ်ပြွန်နှင့် တည်ဆောက်ဆဲ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ရှင်းလင်းပြသသည်။

ရှမ်းမငယ် ရေလှောင်တမံသည် တမံ အမြင့် ၈၉ပေ၊ တမံအလျား ပေ ၆၈၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင်တမံပမာဏမှာ ဧကပေ ၂၁၉၁၀ ရှိသည်။ ရေထုတ်ပြွန်တွင် သုံးပေ အချင်းတစ်ပေါက်ပါရှိပြီး ရေပိုလွှဲမှာ ပေ၄၀ အကျယ်ရှိကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ဆည်သို့ သွားရောက်၍ ရေသိုလှောင်ရရှိမှု၊ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝမ်းက ဆည်အတွင်း၌ ကန်ရေပမာဏ ဧကပေ ၂၇၄၀၁ ပေ ရေသိုလှောင်ရရှိသဖြင့် ရေပိုလွှဲမှ ရေကျော် နေမှုအခြေအနေနှင့် မုန်တိုင်ဆည်နှင့် မိတ္ထီလာကန်အကြား သီးနှံရေပေးရန် ရေဧကပေ ၁၁၀၀၀ ပေးဝေမှု၊ နွေစပါး ဧက ၄၀၀ အတွက် ရေဧကပေ ၂၄၀၀ ပေးဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဆည်အတွင်း ရေသိုလှောင်ရရှိမှု၊ ရေထုတ်ပြွန်နှင့် ရေပေးမြောင်းမှ ရေပေးဝေမှု၊ ရေပိုလွှဲမှ ရေကျော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မုန်တိုင်ဆည်သည် ရေလှောင်ပမာဏဧကပေ ၂၇၀၄၅ ပေရှိရာ ယခုအခါ ရေဧကပေ ၂၇၄၀၁ပေ ရှိနေကြောင်း သိရှိရသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာရှိ ကျေးရွာအသုံးပြုရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထုစုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဈေးနှင့် ရေတွင်းကော်မတီတို့အား တွေ့ဆုံမှာကြားကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာ အမှတ်(၉၀) အခြေခံပညာ မူလတန်းကျောင်းနှင့် တိုးချဲ့ဆောင် ဆောက်လုပ်မှု၊ ကျောင်းသားကျောင်းသူများ အသုံးပြုရန် စက်ရေတွင်းမှ သောက်သုံးရေကန်သို့ ရေပေးမှုကို ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ဖြစ်ထွန်းအောင်မြင်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ဆည်နှင့် မိတ္ထီလာကန်အကြား၌ ဆည်ရေဖြင့် စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာကန် ရေကူပေးနေသည့် ချောင်းကောက်ရေလှောင်တမံမှ ဆက်သွယ်မြောင်း ဆက်စပ်ထားသည့် ညောင်ကုန်းရေလှောင်တမံသို့ သွားရောက်ပြီး ရေဝင်မှုအခြေအနေ၊ ရေကူပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ချောင်းကောက် ရေလှောင်တမံ၊ လွန်ငင်တမံ၊ လက်ခုပ်ပင်တမံနှင့် ညောင်ကုန်း ရေလှောင်တမံတို့၏ ဆည်ရေရရှိမှု၊ ရေပေးဝေမှု၊ မိတ္ထီလာကန် ရေကူပေးနေမှုတို့ကို မှတ်တမ်းဖြင့် ရှင်းလင်းတင်ပြသည်။

ရေဝင်မှုကောင်းမွန်

ယခုနှစ်တွင် မိတ္ထီလာကန် ရေဖြည့်ပေးနေသည့် ဆည်၊ ရေလှောင်တမံများသည် ရေဝင်မှုကောင်းမွန်လျက်ရှိရာ ချောင်းကောက်ရေလှောင်တမံသည် ရေလှောင်ပမာဏ ဧကပေ ၁၂၅၀၀ ရှိပြီး လက်ရှိရေဧကပေ ၁၄၀၀၀ ရှိသည်။ လွန်ငင်တမံသည် ရေလှောင်တမံဧကပေ၃၂၅ပေတွင် လက်ရှိ ရေဧကပေ ၄၇၁ပေ ရှိပြီး လက်ခုပ်ပင်တမံ ၏ ရေလှောင်ပမာဏ ဧကပေ ၉၅၀ တွင် လက်ရှိရေဧကပေ ၁၀၄၀ ရှိသည်။ ညောင်ကုန်းရေလှောင်တမံ၏ ရေလှောင် ပမာဏ ဧကပေ ၃၅၀၀တွင် လက်ရှိရေဧကပေ ၂၆၁၇ပေ ရှိပြီး ညောင်ကုန်း ရေလှောင်တမံမှ မိတ္ထီလာကန်သို့ နေ့စဉ် ဧကပေ ၁၂၀ ပေးလွှတ်လျက်ရှိရာ ယခုနှစ်အတွင်း ယနေ့ထိရေဧကပေ ၄၉၇၃ပေ မိတ္ထီလာကန်သို့ ရေချပေးပြီးဖြစ်သည်။ မိတ္ထီလာကန်သည် ရေလှောင်ပမာဏ ဧကပေ ၂၁၆၆၁ပေ ရှိရာ ယခုအခါ ရေဧကပေ ၁၆၇၈၉ပေ ရေသိုလှောင်ရရှိထားပြီဖြစ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့်အဖွဲ့သည် မိတ္ထီလာကန်သို့ သွားရောက်၍ မိတ္ထီလာကန်အတွင်း ရေပြည့်မှတ် နီးပါး ရေဧကပေ တစ်သောင်းခြောက်ထောင်ကျော် ရေဝင်ရရှိနေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဝိုင်းစေတီတော်စောင်းတန်းပြုပြင်ရန် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သာယာအေးလမ်း ရေတွင်းကြီးလမ်းသွယ် ခြံအမှတ် ၂၂ နေ ဦးသန်းလွင်–ဒေါ်ခင်မူယာမိသားစုက နှစ်ဖက်သောမိဘများအားအမှူးထား၍ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးသိန်းစိုး၊ ဦးအုန်းကြိုင်တို့က အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆ နှင့် ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓမ္မာရုံတည်ဆောက်ရေးအလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းအမှတ်(၄)ရပ်ကွက်ရှိ အောင်သုခဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒိသာရအမှူးပြု၍တည်ဆောက်လျက်ရှိသည့် အောင်သုခဓမ္မာရုံအတွက်အလှူငွေပေးအပ်ပွဲကို ယမန်နေ့ညနေက အဆိုပါ ကျောင်းတိုက်၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အသင်းဝင် ရွှေပန်းထိမ်ဆရာ ဦးထုံ (ဦးထုံရွှေပန်းထိမ်)၏ (၈၅)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်သိန်း၂၀ကို သားဖြစ်သူ ဦးကျော်ဝင်းနှင့် ဦးကျော်မြင့်(ဦးထုံရွှေပန်းထိမ်ရွှေဆိုင်) တို့က ပေးအပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာန ဇီဝိတဒါန သံဃာ့ဆေးရုံ၊ ပရဟိတကျားကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်းဆွံ့အနားမကြားကျောင်း၊ သိမ်ဖြူလမ်းရှိ သီလရှင်ကျောင်း ဘိုးဘွားရိပ်သာနှင့် စိတ်ကျန်းမာရေး အထူးကုဆေးရုံတို့သို့ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းစီပေးအပ်လှူဒါန်းသည်။ မွေးနေ့အလှူရှင် ရွှေပန်းထိမ်ဆရာ ဦးထုံ(ဦးထုံ ရွှေပန်းထိမ်)၏ စုစုပေါင်းလှူဒါန်းငွေမှာ ကျပ်၂၇သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စိုက်ခင်းအတွင်း စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ ပျိုးပင်များ သယ်ယူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ရန်ပါယ်ကြိုးဝိုင်းအတွင်းရှိ သစ်စေ့ထုတ် ဧရိယာ ဧက၃၀နှင့် ၂၀၀၁ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၂၅၀ စိုက်ခင်းများသို့ ရောက်ရှိပြီး စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၁၉–၆–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၃)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** [ဒုတိယတွဲ] (အပိုင်း–၆)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအား လျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

[အမှတ် (၁) လျှပ်စစ်]

မိုးရာသီ၌ ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ အစွမ်းကုန်ကြိုးစားလုပ်ကိုင် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ထား

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၁၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇွန် ၁၅ရက် မွန်းလွဲပိုင်းက ရွှေကျင်မြို့အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းမှညွှန်ကြားရေးမှူး ဦးရွှေခိုင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ကြိုတင်စီစဉ်

ထို့နောက် စီမံကိန်းရှိ တာဝန်ခံအင်ဂျင်နီယာများအား မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အစွမ်းကုန် ကြိုးစားလုပ်ကိုင်ကြရေး၊ လုပ်ငန်းသုံးပစ္စည်းများကို စုဆောင်းဖြည့်ဆည်းကြရေး၊ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ချောင်းရေကြီးခြင်း၊ ရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် စီမံချက်အတိုင်း ဇာတ်တိုက်လေ့ကျင့်၍ ကြိုတင်စီစဉ်ပြင်ဆင်ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ပင်မတမံလုပ်ငန်းပြီးစီးမှု၊ ရေလွှဲမြောင်းအဝင် (Inlet) မှ ရေများ ဖြတ်သန်းစီးဆင်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ၅၇ရာခိုင်နှုန်းတည်ဆောက်ပြီးစီး၍ ဆက်လက်ဆောင်ရွက်လျက်ရှိသော ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း၊ ကွန်ကရစ်လုပ်ငန်း ပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိအင်ဂျင်နီယာများအား လုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်ဝအောင် ကြပ်မတ်စစ်ဆေးရေး၊ အလေအလွင့်နည်းပါးရေး၊ မိုးရာသီတွင် နွေရာသီအတွက် ကြိုတင်၍ ပစ္စည်းစုဆောင်းရေး၊ ယာဉ်ယန္တရားများကို မိုးရာသီတွင် ပြင်ဆင်မှုပြုလုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်စည်ပင် ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်

ရန်ကုန် ဇွန် ၁၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၁၆ရက် နံနက်၁၀နာရီက မိုးကုတ်ဆွမ်းစား ကျောင်းဆောင်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်း မိသားစုများ တက်ရောက်ကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးဝင်းအောင်က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခြင်းအတွက် အလှူငွေကျပ်၂၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဝင်းက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ACCA စာမေးပွဲများတွင် ဖြေဆိုရမည့် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်၍ ပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၈

ဗြိတိန်နိုင်ငံ အခြေစိုက် The Association of Chartered Certified Accountants (ACCA) အဖွဲ့အစည်းက မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ကျော်၌ ကျင်းပပေးလျက်ရှိသည့် ACCA စာမေးပွဲများတွင် ဖြေဆိုရမည့် သင်ရိုးညွှန်းတမ်း အသစ်နှင့်ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ယမန်နေ့ညနေ ၄နာရီခွဲက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel၌ ကျင်းပသည်။

အခမ်းအနားတွင် Management & Accountancy Training Ltd. (MAT) မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာတင်လတ်က ACCA သင်ရိုးညွှန်းတမ်းအသစ် (ACCA New Syllabus)နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ထို့နောက် ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) Professor ဦးမော်သန်းက ACCA အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာတင်လတ်က MAT သင်တန်းကျောင်းမှ သင်တန်းနည်းပြ၊ ဆရာများနှင့် ရုံးဝန်ထမ်းများအား အမှတ်တရလက်ဆောင်များချီးမြှင့်ပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်ကြားပို့ချ

Fellow (Senior) Member of ACCA (UK) ဖြစ်သူ ဒေါက်တာတင်လတ် ဦးစီးသော Management & Accountancy Training Ltd. ၏ MATသင်တန်းကျောင်းကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း၌ ဖွင့်လှစ်ထားရှိပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု စာရင်းပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးပြောကြား

Management & Accountancy Training Ltd. (MAT) မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာတင်လတ် ACCA သင်ရိုး ညွှန်းတမ်း အသစ်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

တောင်ငူအထွေထွေရောဂါကုဆေးရုံနှင့် သူနာပြုသားဖွားသင်တန်းကျောင်း ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး၊ စည်းကမ်းတကျ ပညာသင်ရေးမှာကြား

နေပြည်တော် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်း(အရှေ့) တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ ပဲခူးတိုင်း(အရှေ့) တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံကြီး၏ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းနှင့် သွားနှင့်ခံတွင်းကုသခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆေးရုံဝင်းအတွင်းရှိ တည်ဆောက်လျက်ရှိသည့်နား၊နှာခေါင်း၊ လည်ချောင်းတိုးချဲ့ကုသဆောင်သို့ ရောက်ရှိကာ ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်း အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ သူနာပြုသားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ကြီးက သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသူများအားတွေ့ဆုံ၍ စည်းကမ်းတကျဖြင့် ပညာသင်ကြားရေး၊ သင်ခန်းစာများကို ကြိုးစားနာယူရေးနှင့် ခေတ်မီသင်ကြားရေး နည်းစနစ်များဖြင့် သင်ကြားနာယူရေးများကို မှာကြားပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

19-6 (04) 1 6/18/07, 1:58 PM

သာကေတ–သန်လျင် မြစ်ကျော် တာဝါတိုင်စိုက်ထူခြင်းစီမံကိန်း ကြီးမားပြီး ပထမဦးဆုံး အကောင်အထည်ဖော်ရသည့်လုပ်ငန်းဖြစ် စနစ်တကျ အောင်မြင်ပြီးမြောက်စေရေး ပူးပေါင်းလုပ်ကိုင်

ရန်ကုန် ဇွန် ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ သာကေတ ဓာတ်အားပေးစက်ရုံမှ သန်လျင်ဘုရားကုန်း ဓာတ်အားခွဲရုံးသို့ သွယ်တန်းမည့် ကေဗွီ ၂၃၀ နှစ်သွင် သုံးကြိုးနှစ်ထပ် မဟာဓာတ်အားလိုင်း၊ ပဲခူးမြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းခွင် လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ဦးဝင်းဌေးက ပဲခူးမြစ်ကျော် တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းတွင် တာဝါတိုင်ခြောက်တိုင် သတ်မှတ်ပြီး ယခုသာကေတဘက်ခြမ်း တာဝါတိုင်အမှတ် T-10မှ စတင် ဆောင်ရွက်နေမှု အခြေအနေများ၊ ပဲခူးမြစ်အတွင်း တာဝါတိုင် T-11,T-12,T-13 နှင့် T-14တိုင်လေးတိုင်ကို ဇူလိုင်လ မြစ်ရေတိုးတက်လာချိန်၌ စက်ယန္တရားများဖြင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများ၊ တာဝါတိုင် အောက်ခြေအားသံကူကွန်ကရစ် ဘိုးပိုင်ဖောင်ဒေးရှင်းချဆောင်ရွက်မည့်အခြေအနေများကိုရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေလမ်းကြောင်းထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းဟန်က ပဲခူးမြစ်အတွင်း မြစ်ရေစီးလမ်းကြောင်းနှင့် သဲသောင်များ ပေါ်ထွန်းမှုအခြေအနေ၊ သန်လျင်တံတားအမှတ်(၁)အနီးတစ်ဝိုက်မိုးရာသီ မြစ်ရေတိုးတက်ဖြစ်ပေါ်မှု၊ ရေစီးနှုန်း၊ ရေအတက်အကျနှင့် သာကေတဘက်ခြမ်း ရေလမ်းကြောင်းအခြေအနေများ၊ မြစ်ကျော်တာဝါတိုင်တည်ဆောက်ခြင်းစီမံကိန်း အောင်မြင်စွာပြီးမြောက်စေရေးအတွက် ရေလမ်းကြောင်းထိန်းသိမ်းရေးဦးစီးဌာနမှပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က သာကေတ–သန်လျင် ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း၊ တာဝါတိုင် တည်ဆောက်ရေးစီမံကိန်းတွင် ဓာတ်အားတိုင် ၃၆ တိုင် လျာထားသတ်မှတ်ပြီး ကုန်းမြေပေါ်တွင် တာဝါတိုင် ၃၂ တိုင်၊ ပဲခူးမြစ်အတွင်း တာဝါတိုင်လေးတိုင်၊ သတ်မှတ်ထားရှိမှု အခြေအနေများ၊ တာဝါတိုင်ဒီဇိုင်းနှင့် တိုင်ပစ္စည်းများရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သာကေတ–သန်လျင် မြစ်ကျော် တာဝါတိုင်စိုက်ထူခြင်းစီမံကိန်းသည် ကြီးမားပြီး ပထမဦးဆုံး အကောင်အထည်ဖော်ရသည့် လုပ်ငန်းကြီး ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်သွေးကြောသဖွယ် အဓိကကျလျက် ရှိကြောင်း၊ စီမံကိန်းကြီးစနစ်တကျအောင်မြင် ပြီးမြောက်စေရန်အတွက်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရေလမ်းထိန်းသိမ်းရေး ဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှတာဝန်ရှိသူများအားလုံး ညီညွတ်စွာ ပူးပေါင်းဖော်ဆောင် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ မြစ်ကျော်တာဝါတိုင်များကို ရေရှည် အကျိုးမျှော်မှန်းကာ ရေစီးဆင်းတိုက်စားမှုဒဏ်၊ လေမုန်တိုင်းနှင့် မြေငလျင်ဒဏ်စသည့် သဘာဝဘေးဆိုးအန္တရာယ်ဒဏ်များ ခံနိုင်မှုရှိစေရေး စနစ်တကျ တိုင်းတာ၊ တွက်ချက်ဆောင်ရွက်သွားစေလိုကြောင်း၊ မိုးရာသီမြစ်ရေပြည့်ဝချိန်တွင် မြစ်လယ်တိုင်များ တစ်ပြိုင်တည်း ဖော်ဆောင်လုပ်ကိုင်သွားစေလိုကြောင်း၊ မဟာဓာတ်အားလိုင်း တာဝါတိုင်များ အရေးပါမှုနှင့် အန္တရာယ်ကင်းလွတ်မှု ဇရိယာများအား ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်စေရန် ခြံခတ်ခြင်း၊ အန္တရာယ်ရှိကြောင်း စာချိတ်ဆွဲခြင်းတို့ဖြင့် ဆောင်ရွက်သွားစေလိုကြောင်းမှာကြားပြီး သာကေတဘက်ကမ်းတာဝါတိုင်အမှတ် T-10 တွင် Bored Pile ဖောင်ဒေးရှင်းချနိုင်ရန် စက်ယန္တရားဖြင့် သဲမြေများတူးဖော်နေခြင်းလုပ်ငန်းခွင်နှင့်သန်လျင် ဘက်ကမ်းတာဝါတိုင်မြေနေရာသတ်မှတ် လျာထားမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဂယာပညာရေး ဗိမာန်တော်ကြီး)အတွက် တာချီလိတ်မြို့နေ ခမည်းတော်ဦးစိုင်းလုံ၊ မယ်တော် ဒေါ်နန်းအိုင်တို့အား အမှူးထား၍ ဆရာတော် ဦးသောဘိတနှင့် ဒါယကာ၊ ဒါယိကာမများက ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူကို ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်ရန် ကျောင်းအကျိုးတော်ဆောင် ဆရာတော်များ၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်း အကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က–ပ)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ (၂၀၀၆)အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၈

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၆ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု(၂၀၀၆ခုနှစ်အတွက်) CREATIVE EXPRESSION ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ၅၂၉–၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၁၆၀ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

မှာကြား

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ် ၃၀ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၄၀ကို ငွေသား၊ သို့မဟုတ် တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်ကြောင်းသိရသည်။

နောက်ဆုံးထားပေးပို့

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းအပါအဝင် စုစုပေါင်းငွေကျပ်၂၀၀ကို ငွေပို့လွှာဖြင့် စာတည်းမှူးချုပ်ထံလိပ်မူ၍ အထက်ပါလိပ်စာအတိုင်း မှာယူနိုင်သည်။ ဘာသာပြန် စာမူကို စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေရှင်းလင်း

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁ရက် မွန်းလွဲ ၁နာရီခွဲက မိုးကောင်းမြို့နယ်မိုးကောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ စိန်လင်းက ဆေးလိပ်သောက်ခြင်းကြောင့် ရရှိသော ဆိုးကျိုးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင် ဥပဒေအရာရှိ ဦးဒီဆင်ရမ်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။ (၄၁၆)

ယဉ်ကျေးလိမ္မာ မျိုးမြန်မာ ပညာပေးဟောပြော

စစ်တွေခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာမျိုးမြန်မာ အသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ စစ်တွေခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အနုပညာဦးစီးဌာန(ထုတ်လုပ်ဌာနခွဲ)ကျွမ်းကျင်ပညာရှင် ဦးသန်းစိန်က ယဉ်ကျေးလိမ္မာမျိုးမြန်မာ ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အစုံအလင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆေးရုံသို့ အသက်ကယ် အောက်ဆီဂျင်ဘူးများလှူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ လားရှိုးမြို့ လူမျိုးဘာသာမရွေးသာရေး၊ နာရေးကူညီစောင့်ရှောက်မှုအသင်းမှ အသက်ကယ်အောက်ဆီဂျင်ဘူးများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၁၀နာရီက ဆေးရုံအုပ်ကြီး ရုံးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင့်က အသင်းမှ တတ်စွမ်းနိုင်သမျှ ကျန်းမာရေး ကူညီစောင့်ရှောက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ငွေ ၈၀၄၃၉၉ ကျပ်တန်ဖိုးရှိ အောက်ဆီဂျင်ဘူးများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြဆွေက လက်ခံရယူ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လားရှိုးမြို့ လူမျိုးဘာသာမရွေး သာရေးနာရေးကူညီစောင့်ရှောက်မှုအသင်းအနေဖြင့် ချို့တဲ့နွမ်းပါးသူ ဝေဒနာရှင်များ၊ သွေးလိုအပ်သည့် ဝေဒနာရှင်များအတွက် သွေးလှူရှင် စေတနာရှင်များကလည်း အသင်းနှင့်ဆက်သွယ် ပူးပေါင်း၍ ဇီဝိတဒါနအဖြစ် သွေးများလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကသာခရိုင် ပင်လည်ဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောင်ရွက်သည့် ခြံစည်းရိုးကြက်ဆူစုပေါင်း စိုက်ပျိုးပွဲကို မေ ၂၈ ရက် နံနက် ၇နာရီက ဟဲသအုပ်စု ဟဲသကျေးရွာတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေတက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ဥပဒေအရာရှိ ဦးခင်ဆန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြည်ဝင်း၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးသန်းမြင့်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများက တစ်အုပ်တစ်မခြံစည်းရိုးကြက်ဆူ သုံးဧကနှင့် လမ်းဘေးဝဲယာတို့တွင် ပျိုးပင်ပေါင်း ၄၀၀၀ ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံ အကျဉ်းဦးစီး ပညာသင်ထောက်ပံ့ကြေးပေး

မြင်းခြံမြို့ အကျဉ်းဦးစီးဌာန မြင်းခြံအကျဉ်းထောင်ရှိ ဝန်ထမ်းမိသားစုဝင် သားသမီး ကျောင်းသားကျောင်းသူများအား၂၀၀၇–၂၀၀၈ပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက်က မြင်းခြံအကျဉ်းထောင်ရှိ ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၄၀၂)

ကျောင်းအပ်နှံရေးအထိမ်းအမှတ် စာရေးကိရိယာနှင့် ဝတ်စုံများပေးအပ်

ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ဝတ်စုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၁ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့်က အလှူငွေနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ မူလတန်းမှ အထက်တန်းအထိ ကျောင်းသားကျောင်းသူ ၂၁ ဦးတို့အား စုစုပေါင်း ငွေကျပ် ခုနစ်သောင်းတန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။

(က–ပ)

ကလေးသူငယ်များ စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက်၉နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ရုံးတွင်ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်ဦးစီးအရာရှိ ဦးသန်းထွန်းက ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးအရာရှိ ဦးပေါဦး၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)မှ ဒေါ်စန္ဒာမြင့်နှင့် ဒေါ်ဇာဇာဝင်းတို့က ဆွေးနွေးညှိနှိုင်းပို့ချပြီး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း(ဂ)အဆင့်၊(ခ)အဆင့်

တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၀၇ ခုနှစ် ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ရက် ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဖွင့်အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ယမန်နှစ်ချန်ပီယံအသင်းဖြစ်သည့် မန္တလေးတိုင်း အသင်းက အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ တံခွန်စိုက်ဒိုင်းပြန်လည်အပ်နှံသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။**(အပေါ်ပုံ)**

ဂုဏ်ပြုဆုငွေပေးအပ်

ငင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ပေးအပ်သည့် ပြိုင်ပွဲဝင် ၁၄ သင်းအား ထောက်ပံ့ကြေးငွေ ကျပ်တစ်သိန်းစီနှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး လေးဦးနှင့် နည်းပြ တစ်ဦးတို့အား ဂုဏ်ပြုဆုငွေ ကျပ် တစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၁၉ သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ပထမနေ့ပွဲစဉ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် လက်ဝှေ့ အားကစားနည်းတာဝန်ခံ နာယက အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်သန်းဝင်း၊ ဒေါ်လဲ့လဲ့ကြည်၊ ဒေါ်သက်သက်ဆွေနှင့် ဒေါ်ခင်မိုးညွန့်တို့က ပြိုင်ပွဲဝင် အားကစားသမားများအတွက် ငွေကျပ် သုံးသိန်းနှင့် ပဏာမလက်ရွေးစင်များ အတွက် ဂုဏ်ပြုအားဖြည့်ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံယူသည်။ ယင်းနောက် ပထမနေ့ပွဲစဉ် ပွဲ၃၀ကို ကျင်းပသည်။

၁၄ သင်းပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇွန် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ခရေပင်ရိပ်မွန်(၂) သရဖီလမ်းနေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးထင်အောင်ကျော်–ဒေါ်အေးညွန့်ရွှေ၊ သား ဗိုလ်သန့်ဇော်လွင်၊ သမီး မအေးအေးခိုင် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)

အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ပိုမိုတက်ကြွစွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန်၁၆ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိုးထိအောင်စည်သာသနာ့ရိပ်သာ၌ ကျင်းပသော အလှူရှင်ဦးထွန်းအောင်၊ ဒေါ်မြတ်သူ(AMA) ကားထုတ်လုပ်ရေးမှ လှူဒါန်းသည့် ဘုံသာဝေယံ ဓမ္မကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပန္နက်ရိုက်ပေး

အခမ်းအနားအစီအစဉ်အရ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက သတ်မှတ်နေရာ၌ ပန္နက်ရိုက်ပေးပြီး ပန္နက်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီး၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းလမ်းစဉ်များကို ယခုထက် ပိုမို တက်ကြွစွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ကနောင်ခန်းမ၌ မန္တလေးတိုင်း (စည်ပင်ပြင်ပ) မြို့နယ်၂၆မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့် အစည်းအဝေးတက်ရန် စင်ကာပူသို့ ထွက်ခွာ

နေပြည်တော် ဇွန် ၁၈

မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်း အဖွဲ့ (e-National Task Force)ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန်၁၈ရက်မှ ၁၉ရက်အထိကျင်းပမည့် ဝန်ကြီးအဆင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းရေး အစည်းအဝေး(3rd Infocomm Media Business Exchange Ministerial Forum)သို့ တက်ရောက်ရန် ဇွန်၁၅ရက်က နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

လိုက်ပါသွား

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေ မန်နေဂျာ ဦးတင့်လွင်လည်း လိုက်ပါသွားသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်မှု၊ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၊ သဘောထားအမြင်ချင်းဖလှယ်

မြန်မာ–ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အလက်ဇန္ဒား၊ ပီ၊လော့(စ်)ယူကော့(ဗ်)သည် မြန်မာ–ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ကျင်းပသည့် တတိယအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ဇွန်၁၅ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပုံမှန်စည်းဝေး

မြန်မာ–ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိနှိုင်း အစည်းအဝေးကို ဇွန်၁၆ရက် နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ **(ယာပုံ)** မြန်မာကိုယ်စားလှယ် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ခေါင်းဆောင်ပြီး ရုရှားကိုယ်စားလှယ်အဖွဲ့အားရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အလက်ဇန္ဒား၊ ပီ၊ လော့(စ်)ယူကော့(ဗ်)က ဦးဆောင်သည်။

အမြင်ချင်းဖလှယ်

အဆိုပါအစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်မှု၊ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတကာ အရေးကိစ္စများအပေါ်တွင် လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကာ သဘောထားအမြင်ချင်း ဖလှယ်ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။

ပြန်လည်ထွက်ခွာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇွန်၁၇ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အာရှ–ဥရောပ ဘဏ္ဍာရေးဒုတိယအကြီးအကဲများအစည်းအဝေးမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ မူဂျူးမြို့၌ ဇွန် ၁၄ ရက်နှင့် ၁၅ ရက်များ၌ကျင်းပသော (၈)ကြိမ်မြောက် အာရှ–ဥရောပ ဘဏ္ဍာရေးဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တက်ရောက်

အဆိုပါအစည်းအဝေးတွင် သဘာပတိအဖြစ် ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆွန်းဂျင်ကင်းက ဆောင်ရွက်ပြီး အာရှနှင့်ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ဘဏ္ဍာရေးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူအကြီးအကဲများ စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဇွန် ၁၈

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ) သည် ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်သပြေစဥ့်ဟယ်ကျေးရွာ မိုးကုတ်ရိပ်သာ ဓမ္မသဘင်၊ ၅ ရက်မှ ၁၄ ရက်အထိ တောင်ကြီးမြို့ မိုးကုတ်ရိပ်သာ ဓမ္မသဘင်နှင့် ၁၆ ရက်မှ ၂၅ ရက်အထိ အောင်ပန်းမြို့ မိုးကုတ်ရိပ်သာ ဓမ္မသဘင်တို့၌ ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

တန့်ကြည့်တောင်ဆရာတော် အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက်

ရန်ကုန် ဇွန် ၁၈

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောမဗုဒ္ဓိ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇွန် ၁၇ ရက်တွင် အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွသွားရာ ဒါယကာ၊ ဒါယိကာမ၊ ယောဂီများက လေဆိပ်သို့သွားရောက် ပို့ဆောင်ကြသည်။ ဆရာတော်ကြီးသည် ထိုခရီးစဉ်အတွင်း လော့အိန်ဂျလိစ် အဇူဇာရှိ သုန္ဒရာ၊ ရာမဗြဟ္မ ဝိဟာရကျောင်း ကျောင်းလွှတ်ပွဲ အလှူအခမ်းအနားသို့ တက်ရောက်ပြီး ယခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်မည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဒုတိယ ဗိုလ်မှူးကြီးကြည်မောင် (ငြိမ်း)–ဒေါ်ခင်ကြည် မိသားစု ၂၃(ဘီ) ရွှေတောင်ကြား (၂)ရပ်ကွက် ဗဟန်းက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။
(က–ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

နေပြည်တော် ဇွန် ၁၈

ဗိုလ်မှူးရွှေပြည်ဟိန်းသည် ဇွန် ၁၄ ရက်က ပုသိမ်ဂေါက်ကွင်း ကျင်းအမှတ်(၄)၌ Titleist-Pro V1 အမျိုးအစား ဂေါက်သီးကို Honma အမျိုးအစား Iron 7 တုတ်ဖြင့် ၁၄၄ ကိုက် အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ကိုနေမျိုးအောင်၊ ကိုကျော်ငွေး၊ ဦးထွန်းဦးတို့နှင့်အတူ ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၁၈

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၇ ရက်က မယ်လမုဆုတောင်းပြည့် စေတီတော်ဝင်း အဘိဓမ္မာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ဆရာခင်မောင်ထွန်း (လမ်းမတော်)နှင့် ဆရာမောင်မောင်မြင့်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ မယ်လမုစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်၊ တစ်သက်တာစာပေဆုရ စာရေးဆရာကြီးများဖြစ်ကြသော ဆရာကြီးပါရဂူနှင့် ဆရာကြီးလေးမြိုင်၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ရှိန်(မင်းကြော့ရှိန်)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုကော်မတီဝင် ဆရာခင်မောင်ထွန်း (လမ်းမတော်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်နိုင်တိုး (တင်နိုင်တိုး)က ဖတ်ကြားတင်ပြပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် စာရေးဆရာမောင်မျိုးထွန်း(မြင်းခြံ)က ကျပ်တစ်သောင်းငါးထောင်၊ အဥ္စလိပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ အုပ်ချုပ်ရေးမှူး ဒေါ်အေးအေးမော်က ကျပ်တစ်သောင်း ပေးအပ်လှူဒါန်းရာ အလှူရှင်များကိုယ်စား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဒုတိယဗိုလ်မှူးကြီးသာငွေး(ငြိမ်း) (နီငြိမ်း–အညာတက္ကသိုလ်)က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌသို့ ပေးအပ်သည်။ **(ဝဲပုံ)**

ရွေးချယ်တင်မြှောက်

ထို့နောက် အခမ်းအနားသဘာပတိအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးမြင့်(ကျိုက်လတ်မိုးမြင့်)က ဆောင်ရွက်ပြီး လက်ရှိအမှုဆောင်များ လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် လစ်လပ်အမှုဆောင်များအစားထိုးရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြီး သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(၃၂၂)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

လက်ဘနွန်ဘက်မှ ပစ်ခတ်သောဒုံးကျည်များ အစ္စရေးမြောက်ပိုင်း၌ ကျရောက်ပေါက်ကွဲ

လက်ဘနွန် ဇွန် ၁၈

ဇွန် ၁၈ ရက်က လက်ဘနွန်ဘက်မှ ပစ်ခတ်လိုက်သော ဒုံးကျည်များ အစ္စရေးနိုင်ငံမြောက်ပိုင်း ကာရပ်ရှာမိုနာမြို့အတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

ယာဉ်များပျက်စီး

ယင်းဒုံးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လမ်းများနှင့် မော်တော်ယာဉ်များ ပျက်စီးသွားကြောင်း၊ အဆိုပါဒုံးကျည်များသည် ပါလက်စတိုင်းအုပ်စုတစ်စုက ပစ်ခတ်ခဲ့သည်ဟု အစ္စရေးနှင့် လက်ဘနွန်လုံခြုံရေးတာဝန်ရှိသူများက ယူဆထားကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ အပျက်အစီးနှင့် သေဆုံးမှုများ မသိရသေးကြောင်း အစ္စရေးတို့က ပြောကြားသည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အာဖဂန်၌ လေကြောင်းမှတိုက်ခိုက်

ကဘူးလ် ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဇွန် ၁၈ ရက်က အယ်လ်ခိုင်ဒါများ ခိုအောင်းနေသည်ဟု ယူဆရသော နေရာများကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကလေးငယ်ခုနစ်ဦး သေဆုံးသွားသည်။

တိုက်ခိုက်

အဆိုပါ အမေရိကန်နှင့် အပေါင်းပါတပ်များသည် ပါကစ္စတန်နိုင်ငံအနီး ပတ်တီကာပြည်နယ်အနီး၌ အယ်လ်ခိုင်ဒါများအား လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ကလေးများမှာ ကျောင်းသားလေးများဟု ယူဆရကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်ဝန်ဆောင်ရောဂါလက္ခဏာများ ဖခင်လောင်းအချို့၌ တွေ့ရှိရဟုဆို

ဖခင်လောင်းများသည် ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်ချိန်တွင် ကိုယ်ဝန်ရှိသူနှင့် အလားတူ ရောဂါလက္ခဏာများ ပေါ်ပေါက်ခံစားရတတ်ကြောင်း ဗြိတိန်သုတေသီများက ပြောဆိုသည်။

ဝေဒနာ

ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်ချိန်၌ အမျိုးသားများသည် နံနက်ပိုင်းအိပ်ရာထ အန်ချင်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ကျောအောင့်ခြင်း၊ ရင်ကယ်ခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်အားငယ်ခြင်းနှင့် အိပ်မပျော်ခြင်းစသည့် ရောဂါဝေဒနာများ ခံစားတတ်ကြရသည်။

လန်ဒန်မြို့ စိန့်ဂျော့(ချ်)တက္ကသိုလ်သုတေသီများက ဖခင်လောင်းအမျိုးသား ၂၈၂ ဦးကို လေ့လာကြည့်ရာတွင် ထိုရောဂါလက္ခဏာများတွေ့ရကြောင်း ကြေညာသည်။

အချို့သောအမျိုးသားများ ထိုသို့ဖြစ်ရသည်မှာ မည်သည့်အတွက် ဖြစ်ရသည်ကို အတိအကျမပြောနိုင်သော်လည်း ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်နေရမှုအပေါ် စိုးရိမ်စိတ်ကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်။

ဤသို့ဖြစ်သင့် ၊ မဖြစ်သင့်

ဒီကနေ့ မိမိ တိုင်းအမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်း ဆွေးနွေးပွဲနဲ့ အဆိုပြုလွှာပေးအပ်ပွဲတက်ရောက်ရမှာဖြစ်လို့ မနက်စောစောကတည်းက ပြင်ဆင်ဖြီးလိမ်းပြီး မှန်ထဲမှာကိုယ့်ကိုယ်ကို ပြန်ကြည့်နေမိပါတယ်ရှင်။ မှန်ထဲမှာ ပေါ်လာတဲ့ ကိုယ့်ရုပ်သွင်က ဇရာရဲ့သဘော မရှောင်လွှဲနိုင်လို့ အိုမင်းမှုလက္ခဏာတွေပြနေပြီလေ။ မှန်ထဲကရုပ်သွင်ကို ကြည့်လိုက်မိတော့မှ ဘာလိုလိုနဲ့ အသက်တောင် (၆၀) ကျော်သွားပါပကောလားလို့ တွေးလိုက်မိပါတယ်။ နုရာက ပျို၊ ပျိုရာက အို၊ အိုရာက နာ၊ နာရာက သေကြရမယ့် လောကရဲ့နိယာမတရားကို ဆင်ခြင်ရင်း ငါလဲ တစ်နေ့ အိုရအုံ့ဆိုတဲ့ အရွယ်ကိုတောင် ရောက်သွားပြီပဲလို့ အတွေးနယ်ချဲ့နေမိပါတယ်။

တွေးနေတုန်းမှာပဲ လာကြိုတဲ့ကားရောက်လာလို့ အတွေး လက်စသတ်ရင်း ကားပေါ် တက်လိုက်လာခဲ့ပါတယ်။ အခမ်းအနား ပါလားဟု တွေးလိုက်မိပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စတင်ဖြစ်ပေါ်ခဲ့မှုကို စဉ်းစားမိပြန်ပါရောရှင်။

၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ကျင်းပတဲ့ စတုတ္ထအကြိမ် အမျိုးသမီးညီလာခံက အမျိုးသမီးများတိုးတက်ရေး ဆောင်ရွက်ရာမှာ နိုင်ငံတိုင်းတွင် အမျိုးသားအဆင့် ယန္တရား(National Mechanism) တစ်ခုဖွဲ့စည်းပြီးဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ နိုင်ငံတော်အစိုးရက ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့မှာ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" ကို ဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။

အမျိုးသားအဆင့် ယန္တရားဟာ ကော်မတီဖြစ်နေတဲ့အတွက် ကော်မတီဝင်များသာ လုပ်ငန်းဆောင်ရွက်နိုင်သော ကန့်သတ်ချက်ကြောင့် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် စသဖြင့် မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဟာ ဒီလိုရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ခဲ့ရာမှာ ၂၀၀၆ ခုနှစ်အတွက် ပြည်နယ်နှင့် တိုင်းများတွင် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောမှုအကြိမ် (၇၉၈၀)၊ ပညာပေးဌာန ဖွင့်လှစ်ခြင်း (၇၇)ဌာန၊ နှစ်သိမ့်ဆွေးနွေးခြင်း(၃၈၇)ကြိမ်၊ ရဲတပ်ဖွဲ့ အကြောင်းကြားခြင်း (၁၈၈)ကြိမ်၊ တရားရုံး ဆက်သွယ်ပေးခြင်း (၂၇၄)ကြိမ်၊ ရွှေ့နေငှားပေးခြင်း(၆)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၉၇ ခုနှစ် ဇွန်လ ၁၉ရက်နေ့မှာ ကျရောက်တဲ့ ဒေါ်စုကြည်ရဲ့ (၅၂)နှစ်မြောက်မွေးနေ့ကစပြီး မြန်မာအမျိုးသမီးများနေ့လို့ ဇွတ်အတင်း သတ်မှတ်ဖို့ ကြိုးပမ်းခဲ့တာလဲ အားလုံး အသိပါပဲလေ။ အဲဒီနေ့ မတိုင်ခင်ကတည်းက ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး သားပါ။ ဒါကို ဒေါ်စုကြည်များ မသိလေရော့သလား။ ဒီလို ဒေါ်စုကြည်ရဲ့ မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်သင့်၊ မလုပ်သင့်ပါဘူးရှင်။ ဒီလို သတ်မှတ်တာကိုလဲ ကျွန်မအပါအဝင် မြန်မာနိုင်ငံကိုချစ်တဲ့ မြန်မာအမျိုးသမီးထု တစ်ရပ်လုံးက လုံးဝ(လုံးဝ)လက်မခံနိုင်ပါဘူးလို့ပဲ ပြောပါရစေရှင်။

ကျင်းပမယ့် နေရာအနီးရောက်တော့ ဒီအခမ်းအနားကိုတက်မယ့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် လက်အောက်ခံ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်တွေ ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ စုဝေး တက်ကြွဆော်ဩနေကြတာကိုလဲ တွေ့မြင်ခဲ့ရပါတယ်။ သူတို့ရဲ့ ငယ်ရွယ်၊ ဖျတ်လတ်တက်ကြွမှုတွေမြင်ရတော့ ကိုယ့်အသက်အရွယ်ကိုတောင်မေ့ပြီး ငါလဲ သူတို့အရွယ် ပြန်ရောက်ချင်လိုက်တာလို့ စိတ်ထဲက တမ်းတလိုက်မိပါတယ်။

တစ်ဖက်ကပြန်တွေးတော့လဲ အသက်အရွယ်နဲ့ မဆိုင်ပါဘူးလေ။ စိတ်နဲ့ပဲဆိုင်တာပါပဲလို့ တွေးမိပြန်ရော။ ဟုတ်ပါတယ်၊ ကျွန်မအခု အသက် ၆၀ကျော်ပြီလေ၊ ငယ်ငယ်ကတည်းက ရပ်ရေးရွာရေး ပရဟိတလုပ်ငန်း တွေဆိုရင် မပါရမနေနိုင်အောင် သူတို့လိုပဲ တက်တက်ကြွကြွလုပ်ခဲ့ရာကနေ ဒီနေ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင် တစ်ဦးအနေနဲ့လဲ စိတ်ထဲမှ တက်တက်ကြွကြွနဲ့ ဆောင်ရွက်နေတုန်းပါပဲ။ နိုင်ငံ့တာဝန် ထမ်းဆောင်ရာမှာ ငါဟာအုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်ရမယ်လို့ ခံယူထားခဲ့တာလေ။ မလုပ်ချင်၊ မဖြစ်စေချင်တဲ့ သူတွေကတော့ "နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူးဟာ" လို့ပြောကြမှာပါ။ ဒါပေမယ့် "မိုးပေါက်များသော်၊ အင်းနားချောင်းကန် ပြည့်သောဟန်တည့်" ဆိုတဲ့ စကားအတိုင်း ကျွန်မတို့လို မိုးပေါက်တွေများလာရင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ တစ်တပ်တစ်အားပေါ့ရှင်။

ကျွန်မတို့မြန်မာစကားပုံမှာ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဆိုတာ ရှိတယ်လေ။ အခု မောင်ကလဲ ဒီအသက်အရွယ်ပိုင်းမှာ တစ်ထမ်း ထမ်းနေတော့ မယ်ဖြစ်တဲ့ကျွန်မကလဲ တစ်ရွက် ရွက်ရတော့မှာပေါ့။ ဒါကြောင့်လဲ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စတင်ဖွဲ့ပြီဆိုကတည်းက အဆိုပြုပြီး တတ်နိုင်တဲ့တာဝန်တွေယူခဲ့တယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် Myanmar Women's Affairs Federation (MWAF) ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့က စတင်ဖွဲ့စည်းခဲ့တာဆိုတော့ အခု ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့ ဆိုရင် (၄)နှစ်သက်တမ်း ပြည့်မြောက်တော့မှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာလွှမ်းခြုံနိုင်ရန်နဲ့ လုပ်ငန်းသဘာဝချင်း တူညီတဲ့ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များနှင့်လဲ ဆက်သွယ်နိုင်ရန် **"မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်"** ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းရာမှာလဲ-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်၊

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်၊

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

ဒေါ်ဝေဝေမွန်

လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောခြင်း (၄၆၂၁)ကြိမ်၊ တားဆီးပြန်လွှတ်ခြင်း ကျား(၂၃၆၉)ဦး၊ မ(၁၀၄၀)၊ လူကုန်ကူးမှု အကြိမ်(၉၀)တွင် တရားခံ ကျား(၁၁၀)နှင့် မ(၇၅)ဦးတို့ကို အရေးယူအပြစ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်သိမ့်ဆွေးနွေးခြင်း (၁၃၂၉)ကြိမ်၊ အသက်မွေးသင်တန်း ပေးခြင်း(၉၆၇)ကြိမ်တွင် လူဦးရေ(၂၀၉၂၁)ဦး မိသားစုထံပြန်ပို့ခြင်း (၁၉၉)ကြိမ်တွင် လူဦးရေ(၅၇၂)ဦး၊ ထောက်ပံ့ခြင်း (၅၄၂)ကြိမ်တွင် လူဦးရေ(၄၉၂၂)ဦး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များအနေနဲ့ ပညာသင်စရိတ် ထောက်ပံ့မှု ကျပ်(၃၄၂၆၉၉၄၀)၊ စာရေးကိရိယာ ထောက်ပံ့မှု ငွေ(၅၁၈၇၅၆၃၁)ကျပ်၊ ဝတ်စုံထောက်ပံ့မှုငွေ(၂၀၄၅၉၆၀၁)ကျပ်၊ စေတနာ ညကျောင်း ဖွင့်လှစ်မှု (၂၂၂)ကြိမ်တွင် လူဦးရေ(၁၂၅၃၅)ဦး၊ သက်ကြီးစာဖတ်ဝိုင်း၊ စာသင်ဝိုင်း (၁၀၅၀)ကြိမ်တွင် (၂၅၆၄၇)ဦး၊ ပညာထူးချွန်ဆု မူလတန်း(၅၈၅)ဦးအတွက် ကျပ်(၁၂၅၃၂၄၀)ဖိုး၊ အလယ်တန်း(၅၃၆)ဦးအတွက် ကျပ်(၂၆၉၀၆၇၀)ဖိုး၊ အထက်တန်း (၆၀၇)ဦးအတွက် ကျပ်(၃၆၈၄၅၁၀)ဖိုး ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအနေနဲ့ ကျန်းမာရေးပညာပေး လေ့ကျင့်ဆွေးနွေးပွဲ (၂၆၉၅၅)ကြိမ်၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်သူဦးရေ(၂၈၈၈၃၃)ဦး၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်ပေါင်း(၂၀၄၉၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများမှာ ရိုးရာယဉ်ကျေးမှု ဟောပြောပွဲ(၃၂၄၂)ကြိမ်၊ ပြပွဲ ပြိုင်ပွဲများ(၂၃၉)ကြိမ် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အကြိမ်(၅၆၄၀)၊ ပတ်ဝန်းကျင်သန့်ရှင်းရေး (၉၈၃၅)ကြိမ်၊ သောက်သုံးရေ (၂၉၉၉)ကြိမ်၊ အသိပညာပေး (၃၂၉၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများမှာ အသက်မွေးဝမ်းကျောင်း သင်တန်းများ (၁၈၁၄) ကြိမ်၊ အလုပ်အကိုင်ရှာဖွေပေးခြင်း (၂၅၆၅)ဦး၊ ဝင်ငွေတိုးအောင်ဆောင်ရွက်ပေးခြင်း (၈၆၀၈)ဦးအတွက် ငွေပမာဏ (၅၆၃၈၂၃၇၄)ကျပ် စိုက်ထုတ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များတွင် လေ့လာရေးခရီး(၅၃၈) ကြိမ်၊ ဟောပြောခြင်း (၁၀၄၆)ကြိမ်၊ ရိုးရာပြပွဲများကျင်းပခြင်း (၁၄၄)ကြိမ်၊ တိုင်းရင်းသားရိုးရာကပွဲများ (၂၄၆)ကြိမ်၊ ရိုးရာအစားအစာရောင်းချပွဲများ(၃၀၁)ကြိမ် ၊ တိုင်းရင်းသားများ တွေ့ဆုံပွဲ အကြိမ်(၃၂၀)၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း (၁၇၈)ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။

ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ နံရံကပ်စာစောင် (၈၉၈)ကြိမ်၊ ဓာတ်ပုံ(၉၅၅)ကြိမ်၊ သတင်းလွှာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်ရရှိမှု(၁၂၈၁၁၂)စောင်၊ ပညာပေး ဗီဒီယိုရုပ်ရှင်ပြသမှု (၆၂၅၉)ကြိမ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ TV ပြန်ကြားနိုင်မှု (၂၁၅၇)ကြိမ်၊ စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းမှု (၂၆၇၃)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၆ခုနှစ် တစ်နှစ်တာအတွက် ဒီလိုပမာဏကြီးမားတဲ့ လုပ်ငန်းတွေကို သုံးနှစ်ကျော်ကာလဆိုတဲ့ အချိန်တိုအတွင်းမှာ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ခဲ့တာဟာလဲ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုအောက်မှာ အမိမြန်မာနိုင်ငံတော်ကြီးကို တိုးတက်ဖွံ့ဖြိုးစေလိုတဲ့ ကျွန်မတို့မြန်မာအမျိုးသမီးများရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့်လို့ပဲ ဆိုပါရစေရှင်။

တစ်ဆက်တည်းမှာ တွေးလိုက်မိတ[...]
နေ့ဆိုရင် မြန်မာအမျိုးသမီးများနေ့တော[...]
လား၊ အတော်နီးကပ်နေပြီပဲလေ။ မြန်[...]
သတ်မှတ်ခဲ့ရတာကတော့ မြန်မာအမျိုး[...]
အတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်[...]
မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ရည်ထိန်း[...]
အလာရှိခဲ့တဲ့ ရည်မှန်းချက်တွေနဲ့ "မြန်မ[...]
သမီးရေးရာကော်မတီ"ကို စတင်ဖွဲ့စည်းထ[...]
ဇူလိုင်လ ၃ရက်နေ့ကို ဖော်ဆောင်သတ်မှ[...]

မြန်မာအမျိုးသမီးများနေ့ဟာ မြန်မ[...]
အလာရှိခဲ့တဲ့ မြန်မာအမျိုးသမီးများကို ဂုဏ[...]
ပါတယ်။ မြန်မာအမျိုးသမီးဆိုတာ ရိုးရာ[...]
စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာမှာ[...]
တဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်ကို ပိုင်ဆိုင[...]
တယ်။ အမျိုးသမီးဆိုလို့ ပင်ကိုသဘာဝအ[...]
ပျော့ပျောင်းနွဲ့နှောင်းသူများလို့တော့ တ[...]
ဘူးရှင်။

မြန်မာနိုင်ငံမှာ မိမိအမျိုးကိုထိလာမ[...]
လာမယ့် အရေးမှာ ဆတ်ဆတ်ထိမခံ ရဲရဲ[...]
ကြီးတွေ အများအပြား ရှိခဲ့တာပါပဲ။ မြန်မ[...]
သမိုင်းတစ်လျှောက်မှာ မြန်မာအမျိုးသ[...]
အသင်းတွေဖွဲ့ပြီး လှုပ်ရှားဆောင်ရွက်ခဲ့[...]
ရှင်။ ကျွန်မ မှတ်မိသလောက်ဆိုရင်တော့[...]
မိန်းမများအသင်း၊ ဗုဒ္ဓဘာသာ ကလျာ[...]
အသင်း၊ မြန်မာအမျိုးသမီး နေရှင်နယ်[...]
ဖွဲ့စည်းပြီး နိုင်ငံရေး၊ဘာသာရေး၊လူမှုရေး[...]
ကြွကြွ ဆောင်ရွက်ခဲ့ကြသူတွေကတော့[...]
ဒေါ်ကြင်အိမ်၊ ဒေါ်ကြင်မြိုင်၊ ဒေါ်ဒေါ်[...]
ဒေါ်လှမေ (ဘားအံ)၊ ဒေါ်စောတင်၊ သ[...]
ဒေါ်ကြာဇံ စတဲ့ အမျိုးသမီးကြီးများပဲ ဖြ[...]

ဒီလို မြန်မာအမျိုးသမီးကြီးတွေထဲက [...]
သာမန်မျိုးချစ်စိတ်ရှိသူ တစ်ဦး ဖြစ်ရုံသာမ[...]
များ၏ အငြိုးအငြင်၊ အချုပ်အနှောင်နှင့်တ[...]
သက်စွန့်ကာ မြန်မာအမျိုးသမီးထုကို ဆ[...]
နှလုံးရည်ရှိ မြန်မာအမျိုးသမီးခေါင်းဆောင် [...]
ခုနှစ်ကဒေါ်ဆယ်ဟာ ဖက်စစ်ဂျပန်များကို လ[...]
တစ်ဦးဖြစ်ပါတယ်။ မိမိအိမ်ကဖိနပ် နှစ်ရန်[...]
ဂျပန်ကို နောက်တစ်နေ့ ငါးမျှားနေတာ တွေ့[...]
ခဲ့လို့ ဒေါ်ဆယ်ရဲ့ ခင်ပွန်းဖြစ်သူက " ဒီမိန်းမ[...]
တော့ ခင်ပွန်းဖြစ်သူအား ဣန္ဒြေမပျက်[...]
ဂျပန်တွေကိုမျိုးဖြုတ်ဖို့ကြံခဲ့ကြောင်း၊ မြင်းဖ[...]
ဂျပန်တစ်ယောက်ကိုလဲ မြင်းကန်ခံရပြီး ဇီဝိ[...]
လုပ်ခဲ့ဖူးသူလဲ ဖြစ်ကြောင်း မှတ်သားရပါတ[...]

ဒီလိုပါပဲ သခင်မကြီးဒေါ်သိန်းတင်ဆို[...]
ခေါင်းဆောင်အဖြစ်သာမက အမျိုးသား[...]
ဗြိတိသျှအစိုးရကိုဆန့်ကျင်ပြီး ထောင်အကျ[...]
၁၉၂၄ ခုနှစ် (၁၁)ကြိမ်မြောက် ပေါင်းတ[...]
ဆိုတဲ့အသံကို မကြားလိုတဲ့အတွက် ခေါင်းပေါ[...]
အစည်းအဝေးတက်ရောက်သူ အမျိုးသမီး[...]
ဘီးကိုဖြုတ်ပြီး မီးတင်ရှို့ခဲ့တဲ့အထိ စည်းရုံးဆေ[...]

နောက်တစ်ဦးကတော့ ဒေါ်ကြင်မြိုင်[...]
ကြီးပဲဖြစ်ပါတယ်။ ဒေါ်ကြင်မြိုင်ဟာ ရှမ်း၊ တ[...]
များနဲ့ တရားဟောရာမှာ အလွန်ကျော်ကြာ[...]
များလဲ ပြောတတ်သူဖြစ်ပါတယ်။ ၁၉၃၀ပြည်[...]
ဘုရင်ခံနဲ့ဝန်ကြီးများကို လှူမယ်ဆိုပြီး ပ[...]
အိုးစုတ်၊ ငရုတ်ဆုံပွဲ၊ အဝတ်စုတ်များကို ချိတ်[...]
အင်္ဂလိပ် လက်ထက်အုပ်ချုပ်ရေးကို မကျေ[...]
ဒေါ်ကြင်မြိုင်က "ကန်လိပ်၊ ကုန်းလိပ်၊ အင်္ဂ[...]
ဆံဘူး" လို့ ဒေါ်နဲ့မောနဲ့ လက်သီးလက်မော[...]
ပရိသတ်က အလွန်သဘောကျခဲ့ပါတယ်။ ဦ[...]
ဟုမ္မရူးအစစ် သွားတောင်းပါဆိုတာ ဗိုင်အာဒီ[...]
ပြည်ကြီး မကျန်းမာတာကို ဓာတ်စာဝယ်ခ[...]
ကျန်းမာလာတော့မယ်၊ ဒေါက်ကပ်ကြီးနဲ့ ဝေ[...]
လားကြီးတွေတော့ ဝယ်မလာပါနဲ့" ဆိုတဲ့ ဒေ[...]
တအုန်းအုန်းနဲ့ ပွဲကျခဲ့ပြီး အထူးသဖြင့် ငါး[...]
အလွန်ချီးကျူး ထောက်ခံခဲ့ကြောင်း သိရပါ[...]

အလားတူပဲ လူမှုရေးလုပ်ငန်းများမှာ[...]
ဆောင်ရွက်ခဲ့တဲ့ မြန်မာအမျိုးသမီးများ[...]
သီလရှင်ကြီး ဒေါ်သုမာလာ၊ ဖလောရင့်နိုက်[...]
ကြတဲ့ ဗိုလ်ကြီး ခေါ်ခင်အုန်းမြနဲ့ သူနာပြုဆ[...]
ထင်ရှားသူများပဲဖြစ်ပါတယ်။

ပထမဆုံး လူမှုဝန်ထမ်းအာဇာနည် [...]
(ခေါ်)သီလရှင်ကြီး ဒေါ်သုမာလာ (မင်း[...]
မြန်မာအမျိုးသမီးကြီးတစ်ဦးဖြစ်ပါတယ်။ ၁[...]
ရန်ကုန်မြို့မှာရှိတဲ့ တန်ခိုးကြီးဘုရားများကို လှ[...]

တစ်ဆက်တည်းမှာ တွေးလိုက်မိတာကတော့ ဇူလိုင်လ ၃ရက်နေ့ဆိုရင် မြန်မာအမျိုးသမီးများနေ့တောင် ကျရောက်တော့မှာပါလား၊ အတော်နီးကပ်နေပြီပဲလေ။ မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့ရတာကတော့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကိုရှိထားပြီးဖြစ်တဲ့ မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ရည်ထိန်းသိမ်းရေး သမိုင်း အစဉ်အလာရှိခဲ့တဲ့ ရည်မှန်းချက်တွေနဲ့ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"ကို စတင်ဖွဲ့စည်းထူထောင်သည့် ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့ကို ဖော်ဆောင်သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်ရှင်။

မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံမှာ သမိုင်း အစဉ်အလာရှိခဲ့တဲ့ မြန်မာအမျိုးသမီးများကို ဂုဏ်ပြုဖော်ညွှန်းတာလဲ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးဆိုတာ ရိုးရာဓလေ့အရ ယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရမှာလဲ စံနမူနာယူဖွယ် ထူးခြားတဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်ကို ပိုင်ဆိုင်ထားကြသူများလဲ ဖြစ်ပါတယ်။ အမျိုးသမီးဆိုလို့ ပင်ကိုသဘာဝအရ အေးဆေးတည်ငြိမ်ပြီး ပျော့ပျောင်းနွဲ့နှောင်းသူများလို့တော့ တရားသေသတ်မှတ်လို့ မရပါဘူးရှင်။

မြန်မာနိုင်ငံမှာ မိမိအမျိုးကိုထိလာမယ့်အရေး၊ နိုင်ငံကို ထိပါးလာမယ့် အရေးမှာ ဆတ်ဆတ်ထိမခံ ရဲရဲတောက် မြန်မာအမျိုးသမီးကြီးတွေ အများအပြား ရှိခဲ့တာပါပဲ။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတစ်လျှောက်မှာ မြန်မာအမျိုးသမီးကြီးများက ကုမ္ပာရီအသင်းတွေဖွဲ့ပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြတာဟာ သက်သေပါပဲရှင်။ ကျွန်မ မှတ်မိသလောက်ဆိုရင်တော့ ဗြဟ္မစရိယကုမ္ပာရီ မြန်မာမိန်းမများအသင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ ဒါနသုခအသင်း၊ မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ စသဖြင့် အသင်းဖွဲ့စည်းပြီး နိုင်ငံရေး၊ဘာသာရေး၊လူမှုရေးကိစ္စရပ်များမှာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသူတွေကတော့ သခင်မကြီး ဒေါ်ဆယ်၊ ဒေါ်ကြင်အိမ်၊ ဒေါ်ကြင်မြိုင်၊ ဒေါ်ဒေါ်သိန်း၊ ဒီးဒုတ် ဒေါ်လှမေ၊ ဒေါ်လှမေ (ဘားအံ)၊ ဒေါ်စောတင်၊ သခင်မကြီး ဒေါ်သိန်းတင်၊ ဒေါ်ကြာဇံ စတဲ့ အမျိုးသမီးကြီးများပဲ ဖြစ်ပါတယ်။

ဒီလို မြန်မာအမျိုးသမီးကြီးတွေထဲက သခင်မကြီးဒေါ်ဆယ်ဆိုရင် သာမန်မျိုးချစ်စိတ်ရှိသူ တစ်ဦး ဖြစ်ရုံသာမက နိုင်ငံခြားသားအုပ်စိုးသူများ၏ အငြိုအငြင်၊ အချုပ်အနှောင်နှင့်တကွ ခြေကျိုးလက်ကျိုးခံ၍ သက်စွန့်ကာ မြန်မာအမျိုးသမီးထုကို ဆွဲဆောင်စည်းရုံးနိုင်သော နှလုံးရည်ရှိ မြန်မာအမျိုးသမီးခေါင်းဆောင် တစ်ဦးဖြစ်ပါတယ်။ ၁၉၄၄ ခုနှစ်ကဒေါ်ဆယ်ဟာ ဖက်စစ်ဂျပန်များကို လက်တွေ့ဖျောက်ဖျက်ပစ်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ မိမိအိမ်ကဖိနပ် နှစ်ရန်ကို ဇွတ်အတင်းယူသွားတဲ့ ဂျပန်ကို နောက်တစ်နေ့ ငါးမျှားနေတာ တွေ့ချိန် အမှတ်တမဲ့ ရေထဲကန်ချခဲ့လို့ ဒေါ်ဆယ်ရဲ့ ခင်ပွန်းဖြစ်သူက " ဒီမိန်းမ ဘာလုပ်ပြန်ပြီလဲ " လို့မေးတော့ ခင်ပွန်းဖြစ်သူအား ဣန္ဒြေမပျက်နေရန်ပြောပြီး အလစ်မှာ ဂျပန်တွေကိုမျိုးဖြုတ်ဖို့ကြံခဲ့ကြောင်း၊ မြင်းဖမ်းနည်း သင်ပေးသလိုလိုနဲ့ ဂျပန်တစ်ယောက်ကိုလဲ မြင်းကန်ခံရပြီး ဇီဝိန်ချုပ်သည်အထိ ပရိယာယ်လုပ်ခဲ့ဖူးသူလဲ ဖြစ်ကြောင်း မှတ်သားရပါတယ်။

ဒီလိုပါပဲ သခင်မကြီးဒေါ်သိန်းတင်ဆိုရင်လဲ နိုင်ငံရေး အမျိုးသမီးခေါင်းဆောင်အဖြစ်သာမက အမျိုးသားလွတ်မြောက်ရေး အတွက် ဗြိတိသျှအစိုးရကိုဆန့်ကျင်ပြီး ထောင်အကျခံ စွန့်စားခဲ့သူဖြစ်ပါတယ်။ ၁၉၂၄ ခုနှစ် (၁၁)ကြိမ်မြောက် ပေါင်းတည်ကွန်ဖရင့်မှာ အင်္ဂလိပ်ဆိုတဲ့အသံကို မကြားလိုတဲ့အတွက် ခေါင်းပေါ်က လိပ်ခွံဘီးကို ဖြုတ်ချိုးလို့ အစည်းအဝေးတက်ရောက်သူ အမျိုးသမီးများအားလုံး ခေါင်းမှလိပ်ခွံဘီးကိုဖြုတ်ပြီး မီးတင်ရှို့ခဲ့တဲ့အထိ စည်းရုံးဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါတယ်။

နောက်တစ်ဦးကတော့ ဒေါ်ကြင်မြိုင်ဆိုတဲ့ မြန်မာအမျိုးသမီးကြီးပဲဖြစ်ပါတယ်။ ဒေါ်ကြင်မြိုင်ဟာ ရှမ်း၊ တရုတ်၊ အိန္ဒိယဘာသာစကားများနဲ့ တရားဟောရာမှာ အလွန်ကျော်ကြားသူဖြစ်ပြီး ရယ်စရာဟာသများလဲ ပြောတတ်သူဖြစ်ပါတယ်။ ၁၉၃၀ပြည့်နှစ် ဆရာစံအရေးအခင်း၌ ဘုရင်ခံနဲ့ဝန်ကြီးများကို လျှမယ်ဆိုပြီး ပဒေသာပင်တွင် ဖိနပ်စုတ်၊ အိုးစုတ်၊ ငရုတ်ဆုံပွဲ၊ အဝတ်စုတ်များကို ချိတ်ဆွဲကာ မထီမဲ့မြင်ပြုခြင်းဖြင့် အင်္ဂလိပ် လက်ထက်အုပ်ချုပ်ရေးကို မကျေနပ်ကြောင်း ပြခဲ့ပါတယ်။ ဒေါ်ကြင်မြိုင်က "ကန်လိပ်၊ ကုန်းလိပ်၊ အင်္ဂလိပ် ဘယ်လိပ်နဲ့မှ မဆက်ဆံဘူး" လို့ ဒေါနဲ့မောနဲ့ လက်သီးလက်မောင်းတန်းကာ ဟောခဲ့တာကို ပရိသတ်က အလွန်သဘောကျခဲ့ပါတယ်။ ဦးဘဖေ၊ ဦးချစ်လှိုင်၊ ဦးပုတို့ ဟုမ္မရူးအစစ် သွားတောင်းပါဆိုတာ ဒိုင်အာခီပဲ ယူလာတယ်၊ အမိမြန်မာပြည်ကြီး မကျန်းမာတာကို ခါတ်စာဝယ်ခိုင်းတာပဲ ဖြစ်တယ်၊ အခုကျန်းမာလာတော့မယ်၊ ဒေါက်ကပ်ကြီးနဲ့ ဝေလာမြင်းကြီးသာ ဝယ်လာပါ၊ လားကြီးတွေတော့ ဝယ်မလာပါနဲ့" ဆိုတဲ့ ဒေါ်ကြင်မြိုင်ရဲ့ဟောပြောပုံမှာ တအုန်းအုန်းနဲ့ ပွဲကျခဲ့ပြီး အထူးသဖြင့် ငါးရာသောသံဃာပရိသတ်က အလွန်ချီးကျူး ထောက်ခံခဲ့ကြောင်း သိရပါတယ်။

အလားတူပဲ လူမှုရေးလုပ်ငန်းများမှာ ထူးချွန်စွာနဲ့ အသက်စွန့်ဆောင်ရွက်ခဲ့တဲ့ မြန်မာအမျိုးသမီးများထဲမှာ ဒေါ်ဦးဇွန်း(ခေါ်) သီလရှင်ကြီး ဒေါ်သုမာလာ၊ ဖလောရင့်နိုက်တင်ဂေးလ်ဆုရသူများဖြစ်ကြတဲ့ ဗိုလ်ကြီး ခေါ်ခင်အုန်းမြနဲ့ သူနာပြုဆရာမ ဒေါ်သိန်းရီတို့ဟာလဲ ထင်ရှားသူများပဲဖြစ်ပါတယ်။

ပထမဆုံး လူမှုဝန်ထမ်းအာဇာနည် အမျိုးသမီးကြီး ဒေါ်ဦးဇွန်း (ခေါ်)သီလရှင်ကြီး ဒေါ်သုမာလာ (မင်းကွန်း)ဟာလဲ ထူးခြားတဲ့ မြန်မာအမျိုးသမီးကြီးတစ်ဦးဖြစ်ပါတယ်။ ၁၂၇၆ခုနှစ်မှာ ဒေါ်ဦးဇွန်းဟာ ရန်ကုန်မြို့မှာရှိတဲ့ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ရင်း သိမ်ဖြူလမ်းမှာရှိတဲ့ ဘရင်ဂျီသာသနာပြု သီလရှင်များ တည်ဆောက်ထားတဲ့ လူအိုရုံကို ဝင်ရောက်ကြည့်ရှုပါတယ်။ အဲဒီမှာ မြန်မာသက်ကြီး ရွယ်အိုများကို စောင့်ရှောက်ထားတာတွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာကိုးကွယ်မှုအရ ဘုရားရှိခိုး၊ ဥပုသ်သီလစောင့်ခြင်းများ မပြုလုပ်ရဘဲ ခရစ်ယာန်တရားများကိုသာ ကြားနာနေရတာကို တွေ့ရတဲ့အတွက် များစွာစိတ်ထိခိုက်သွားပြီး ဗုဒ္ဓဘာသာလူအိုရုံ တည်ထောင်လိုစိတ်ပေါက်ခဲ့ပါတယ်။ အဲဒီနောက် မန္တလေးပြန်ရောက်ပြီး တစ်နှစ်အကြာမှာ စစ်ကိုင်းတောင်ရိုး မင်းကွန်းဘက် အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကို လျှောက်ထားပြီး ဗဒုံမင်းလက်ထက် မင်းကွန်းခေါင်းလောင်းနှင့် မင်းကွန်းစေတီအကြားတွင် ကမ္ဗဋ္ဌာန်းကျောင်းလေး သုံးကျောင်းဆောက်ကာ နှစ်ကျောင်းမှာ လူအိုများနေရန် စီစဉ်ခဲ့ပါတယ်။ ရှစ်နှစ်ကြာတဲ့အခါမှာ ရန်ပုံငွေများတိုးလာလို့ အဆောက်အအုံများ တိုးချဲ့နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး သထုံ၊ ပေါင်းတည်၊ ရန်ကုန်၊ နှင်းဆီကုန်းနှင့် ပခုက္ကူမြို့များကလဲ လူအိုရုံ လာရောက်တည်ဆောက်ပေးရန် တောင်းပန်လာတဲ့အတွက် ဒေါ်ဦးဇွန်းနှင့် ဦးမောင်ကြီး၊ ဦးဘကျန်းတို့ဟာ ၁၂၈၉ ခုနှစ်မှာ သထုံမြို့ မြသပိတ်တောင်ခြေရင်းမှာလည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်မှာ ပေါင်းတည်၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ လူအိုရုံကိုလည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့မှာလည်းကောင်း တည်ဆောက်ပေးခဲ့ပါတယ်။

ဒီလိုပါပဲ မိမိအသက်ကို ပဓာနမထားဘဲ သူများအသက်ကယ်ခဲ့တဲ့ ဖလောရင့်နိုက်တင်ဂေးလ်ဆုရ သူနာပြုဆရာမ ဒေါ်သိန်းရီတာဝန်ထမ်းဆောင်ရာ သောင်သွပ်ကျေးရွာမှာ ၁၉၉၅ခုနှစ် ဧပြီလ ၂ရက်နေ့ ညနေ ၃နာရီအချိန် တစ်ရပ်ကွက်တည်းနေ ဆေးစပ်ဆရာအိမ်ကစပြီး မီးလောင်ပါတယ်။ ဒေါ်သိန်းရီဟာ ကြားကြားချင်း မီးလောင်ရာကို အပြေးလာခဲ့ပါတယ်။ ဆေးစပ်ဆရာ၏နေအိမ်မှာ မီးတောက်များဖြင့် တဟုန်းဟုန်းတောက်လောင်လျက်ရှိတာကို တွေ့ရပြီး မီးတောက်တွေကြားမှာ တစ်ကိုယ်လုံး မီးလောင်လျက် မီးတောက်မီးလျှံများကြားမှ မထွက်တတ် ဖြစ်နေတဲ့ ကလေးငယ်တစ်ဦးကိုလဲ မြင်လိုက်ရပါတယ်။ အဲဒီကလေးဟာ ဆေးစပ်ဆရာရဲ့ တူမဖြစ်ပါတယ်။ ဒေါ်သိန်းရီအနေနဲ့ မီးလောင်တဲ့ နေရာနဲ့နီးတဲ့ ကိုယ့်အိမ်ကိုဂရုမထားနိုင်တော့ဘဲ လူမှုရေး စိတ်ဓာတ်အပြည့်အဝနဲ့ ကလေးငယ်ကိုကယ်ဆယ်ဖို့အတွက် ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီနောက် မိမိရဲ့ အသက်ဘေးအန္တရာယ်ကို လုံးဝသတိမထားတော့ပဲ မီးတောက်မီးလျှံကြားကို ဝင်ရောက်ကာ ကလေးငယ်ကို မ,ယူပွေ့ဖက်ပြီး ပြန်ထွက်ဖို့ ကြိုးစားခဲ့ပါတယ်။

ထွက်လမ်းနေရာနဲ့ လမ်းတစ်ဖက်တစ်ချက်တို့မှာ မီးတောက်များစွာရှိနေပြီး အသက်ဆုံးဖို့သာဖြစ်မယ့် လမ်းစပ်နေရာကို ခုန်ကျော်ကူးသွားဖို့ အခက်အခဲဖြစ်နေပါတယ်။ မတတ်သာတဲ့အဆုံးမှာ ဒေါ်သိန်းရီဟာ ကလေးငယ်ကို တင်းကျပ်စွာပွေ့ဖက်လို့ မိမိကိုယ်ကို လမ်းမပေါ်လှိမ့်ချလိုက်ချိန်မှာတော့ နှစ်ဦးလုံး သတိလစ် မေ့မြောသွားပါတော့တယ်။ ဒီလို အသက်စွန့်ကယ်ဆယ်မှုကြောင့် ဒေါ်သိန်းရီရဲ့ ခြေလက်၊ ဦးခေါင်း၊ မျက်နှာနဲ့ နောက်ကျောတို့မှာ ပြင်းထန်စွာ မီးလောင်ကျွမ်းခံခဲ့ရပါတယ်။ ဒီဒဏ်ရာတွေကြောင့် ဒေါ်သိန်းရီဟာ ၁၁လကြာမျှ ဆေးကုသမှုခံယူခဲ့ရပါတယ်။ ကံကောင်းလို့ အသက်မသေခဲ့ရသူ မြန်မာအမျိုးသမီးဖြစ်ပါတယ်။

ဒီလိုအမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးတွေမှာ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့တဲ့ မြန်မာအမျိုးသမီးကြီးတွေ အကြောင်းပြောရရင်တော့ ကုန်နိုင်ဖွယ်မရှိပါဘူး။ ဒီလိုထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးကြီးတွေ၊ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်တဲ့ မျိုးချစ်မြန်မာအမျိုးသမီးကြီးတွေကို ရည်ညွှန်းလို့"မြန်မာအမျိုးသမီးများနေ့"လို့ ဂုဏ်ပြုသတ်မှတ်တာပါ။

အထက်မှာ ပြောခဲ့သလို မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီက ပေါက်ဖွားခဲ့တဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အဲဒီကမှတစ်ဆင့် အဓိပ္ပာယ်ပြည့်ဝမှန်ကန်တဲ့ **"မြန်မာအမျိုးသမီးများနေ့"**လို့ ခံယူပြီး မြန်မာအမျိုးသမီးထုကြီးက တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

အခုလို ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့တာဟာလဲ အလွန်လျော်ကန် သင့်မြတ်တယ်လို့ ကျွန်မအနေနဲ့ ခံယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့တဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ရည်ညွှန်းသတ်မှတ်ခဲ့တာ၊ မြန်မာနိုင်ငံရဲ့ ထူးချွန်ထက်မြက်ထင်ရှားတဲ့ မြန်မာအမျိုးသမီးကြီးများကို ဂုဏ်ပြု ဖော်ညွှန်းတာ ၊ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို ရည်ညွှန်းတာ ဖြစ်တဲ့အတွက် အင်မတန်မှ လျော်ကန်သင့်မြတ်လှပါတယ်။ မြန်မာအမျိုးသမီးများနေ့ဆိုတဲ့အတိုင်း တစ်ဦးတစ်ယောက်ကို ရည်ညွှန်းဆိုလိုတာ မဟုတ်ပါဘူး။

ဒါပေမယ့် ၁၉၉၈ ခုနှစ် ဇွန်လ ၁၉ရက်နေ့မှာ ကျရောက်တဲ့ ဒေါ်စုကြည်ရဲ့ (၅၂)နှစ်မြောက် **မွေးနေ့ကစပြီး မြန်မာအမျိုးသမီးများနေ့လို့ ဇွတ်အတင်း သတ်မှတ်ဖို့ ကြိုးပမ်းခဲ့တာလဲ အားလုံးအသိပါပဲလေ။ အဲဒီနေ့ မတိုင်ခင်ကတည်းက ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ်သတ်မှတ်ခဲ့ပြီးသားပါ။ ဒါကို ဒေါ်စုကြည်များ မသိလေရော့သလား။ ဒီလို ဒေါ်စုကြည်ရဲ့ မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်တယ်ဆိုတာ ဘယ်လိုမှမဖြစ်သင့်၊ မလုပ်သင့်ပါဘူးရှင်။ ဒီလိုသတ်မှတ်တာကိုလဲ ကျွန်မအပါအဝင် မြန်မာနိုင်ငံကိုချစ်တဲ့ မြန်မာအမျိုးသမီးထု တစ်ရပ်လုံးက လုံးဝ (လုံးဝ) လက်မခံနိုင်ပါဘူးလို့ပဲ ပြောပါရစေရှင်။**

ဘာကြောင့် လက်မခံနိုင်ရတာလဲလို့ မေးမယ်ဆိုရင်တော့ အမေးကို အမေးနဲ့ပဲ ဖြေပါ့မယ်။ ဒေါ်စုကြည်အနေနဲ့ မြန်မာနိုင်ငံကို စတင်ရောက်ရှိချိန်ကနေ ယခုအချိန်အထိ ကျွန်မ အစပိုင်းမှာပြောပြခဲ့တဲ့ မြန်မာအမျိုးသမီးကြီးများလို နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် စွမ်းစွမ်းတမံဆောင်ရွက်တာမျိုး၊ အသက်စွန့်တာမျိုး တစ်စုံတစ်ရာရှိခဲ့ပါသလားရှင်။ ပြန်စဉ်းစားကြည့်မယ်ဆိုရင် လောက်လောက်လားလား လုပ်ဆောင်ချက်တစ်ခုမျှ မတွေ့ခဲ့ရပါဘူး။ ဒါဆိုရင် ဒေါ်စုကြည်ရဲ့လုပ်ဆောင်ချက်ဘာမှမရှိတော့ဘူးလားလို့ မေးစရာရှိပါတယ်။ ဒီမေးခွန်းကိုလဲ မငြင်းလိုပါဘူး။ ရှိသမှ သိပ်ရှိသပေါ့ရှင်လို့ ဖြေချင်ပါတယ်။

ဒေါ်စုကြည်ရဲ့ စွမ်းစွမ်းတမံလုပ်ဆောင်ချက်တွေကတော့ အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်(၄)ပိတ်နှင့်ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ မူဝါဒတွေကိုပဲ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာပါပဲရှင်။ ဒီလိုလုပ်ရပ်တွေကြောင့် ပြည်သူတွေချစ်တဲ့ ဖခင်ဗိုလ်ချုပ်ရဲ့ သမီးက ပြည်သူတွေနှလုံးစိတ်ဝမ်း မအေးချမ်းအောင် ဖြစ်စေခဲ့တာလဲ အားလုံးအသိပါပဲရှင်။ တိုင်းပြည်အတွင်းမှာ အေးချမ်းတည်ငြိမ်စွာနဲ့ နေလိုကြတဲ့ပြည်သူတွေ စိတ်မချမ်းမြေ့တာ ဘာဟုတ်သေးလဲ၊ ဒေါ်စုကြည်ရဲ့ အဲဒီလို နိုင်ငံနဲ့လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်တွေကြောင့် ငါတို့ NLD မှ NLD၊ ခမောက်မှခမောက်ဆိုသူ NLD အဖွဲ့ဝင်တွေလဲ တဖွဲဖွဲနဲ့ နုတ်ထွက် နေကြတာ ကြာရင် ခမောက်တစ်လုံးတည်းနဲ့ မလုံမခြုံဖြစ်နေမှာတောင် စိုးရိမ်နေရပြီလေ။

ဒီလို တိုင်းပြည်ပျက်၊ အမျိုးပျက်အောင်လုပ်နေတဲ့ လူတစ်ယောက်ကို ဖော်ညွှန်းပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်မှာကို သဘောတူဖို့ကတော့ ဝေးဟေးဟေး ဝေးပါသေးတယ်လို့တောင် ဆိုလိုက်ချင်ပါရဲ့ရှင်။ ဒီနေရာမှာ မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်တဲ့ ကျွန်မက လွန်စွာမှ သဘောမတူရတဲ့ အကြောင်းတစ်ချက် ကျန်ပါသေးတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ အမျိုးအနွယ်ကို စောင့်ထိန်းရာမှာ စံနမူနာပြဖြစ်ခဲ့ကြသူများပါ။ မြန်မာအမျိုးသမီးကောင်းများအနေနဲ့ သားကို သခင်၊ လင်ကို ဘုရားဆိုတဲ့အတိုင်း မိမိလင်သားကို ဘုရားတစ်ဆူလို ရိုသေလေးစား အားကိုးအားထားပြုကြသူတွေပါ။ တစ်လင်တစ်မယား စနစ်ကို စွဲမြဲကျင့်သုံးခံယူထားကြသူတွေပါ။ မိမိလင်သားကလွဲလို့ ဘယ်ယောကျ်ားကိုမှ စိတ်နဲ့တောင် ပြစ်မှားကြသူများ မဟုတ်ပါဘူး။ ဒီလို အိမ်ထောင်မှုရေးရာ အလေးထားရမယ့် အချက်တွေထဲမှာ အလေးထားဆုံးအချက်ကတော့ မိမိအမျိုး မဟုတ်သူ၊ နိုင်ငံခြားသားနဲ့ လက်ထပ်ထိမ်းမြားမှု မပြုခြင်းပါပဲရှင်။ ဒီလို လက်ထပ်ထိမ်းမြားမိတာနဲ့ အမည်သညာ ခေါ်စရာကား **အမျိုးဖျက်မ** ဖြစ်သွားတော့တာပါပဲရှင်။ မြန်မာရာဇဝင်မှာ ကျန်စစ်မင်းရဲ့ သမီးတော် ရွှေအိမ်စည်ဟာ ပဋ္ဋိက္ခရားနဲ့ ရည်ငံခဲ့ပေမယ့် အမျိုးအနွယ်ကို စောင့်ရှောက်တဲ့စိတ်၊ မျိုးချစ်စိတ်နဲ့ မှန်ကန်စွာ တွေးခေါ်လို့ ပဋ္ဋိက္ခရားကိုစွန့်လွှတ်ခဲ့တာ သာဓကပါပဲ။

ဒါပေမယ့် ဒေါ်စုကြည်ကတော့ မိမိနိုင်ငံကို နှစ်ပေါင်း ၁၀၀ကျော် ကုပ်သွေးစုပ် ခြယ်လှယ်ခဲ့ပြီး မရနိုင်တဲ့ အဆုံးကျတော့ မစားရတဲ့အမဲ သဲနဲ့ပက်၊ တိုင်းရင်းသားတွေကို သွေးခွဲလို့ တိုင်းပြည်ပျက်အောင် ဖန်တီးခဲ့တဲ့ အင်္ဂလိပ်၊ မိမိကို မွေးဖွားသန့်စင် စောင့်ရှောက်ခဲ့တဲ့ မိမိရဲ့ဖခင်ကို သတ်ခဲ့တဲ့ အဓိကတရားခံ လူသတ်သမား အင်္ဂလိပ်ကိုမှ အိမ်ထောင်ဖက်ရွေးခဲ့သူရဲ့ မွေးနေ့ကိုအကြောင်းပြုပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်မယ် ဆိုရင် ကာယကံရှင် ဒေါ်စုကြည်တော့ ဘယ်လိုနေမလဲမသိ၊ ကျွန်မသာဆိုရင်တော့ ကိုယ့်မျက်နှာကို ဓားနဲ့လှီးပြီး အင်္ဂလန်သာ ပြန်ပို့လိုက်ချင်တော့တာပါပဲရှင်။

ကျွန်မ အခုလိုပြောနေတာဟာ ဒေါ်စုကြည်ကို ပုဂ္ဂိုလ်ရေးအရ မုန်းတီးလို့၊ အမျိုးသမီးချင်း မစာနာလို့ ပြောနေတာမဟုတ်ပါဘူးရှင်။ ဒါပေမယ့် မြန်မာအမျိုးသမီးထုထဲက မြန်မာအမျိုးသမီးတစ်ယောက် အနေနဲ့ ဘယ်လိုမှ မခံစားနိုင်လို့ ၊ ဘယ်လိုမှ လက်သင့်ခံနိုင်စွမ်းမရှိလို့၊ ဘယ်လိုမှ ကျိုးကြောင်းဆီလျော်မှု မရှိလို့ ကျွန်မနည်းတူ ဆင်ခြင်သုံးသပ်နိုင်ဖို့ ရင်ဖွင့်လိုက်ရတာပါပဲရှင်။

ဒါကြောင့် ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအနေနဲ့ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရင်း၊ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်သလို အမျိုးဖျက်မည့်သူ၊ တိုင်းပြည်ပျက်အောင် လုပ်ဆောင်မည့်သူများ ပေါ်ထွန်းမလာအောင်လဲ ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

ဇူလိုင်လ ၃ရက်နေ့မှာ ကျရောက်မယ့် မြန်မာအမျိုးသမီးများနေ့ဟာလဲ ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် နေ့ထူးနေ့မြတ် ဖြစ်တာကြောင့် မြန်မာအမျိုးသမီးတိုင်း အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ရင်း တိုင်းပြည်အကျိုးကို တပ်အားသမျှ ဝိုင်းဝန်းသယ်ပိုး ဆောင်ရွက်ကြပါစို့လားရှင်။ ။

ဒေါ်စုကြည်ရဲ့ စွမ်းစွမ်းတမံ လုပ်ဆောင်ချက်တွေကတော့ အမိန့် ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်(၄)ပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ မူဝါဒ တွေကိုပဲ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာပါပဲရှင်။ ဒီလိုလုပ်ရပ်တွေကြောင့် ပြည်သူတွေချစ်တဲ့ ဖခင်ဗိုလ်ချုပ်ရဲ့ သမီးက ပြည်သူတွေ နှလုံးစိတ်ဝမ်း မအေးချမ်းအောင် ဖြစ်စေခဲ့တာလဲ အားလုံးအသိပါပဲရှင်။ တိုင်းပြည်အတွင်းမှာ အေးချမ်းတည်ငြိမ်စွာနဲ့ နေလိုကြတဲ့ ပြည်သူတွေ စိတ်မချမ်းမြေ့တာ ဘာဟုတ်သေးလဲ ဒေါ်စုကြည်ရဲ့ အဲဒီလို နိုင်ငံနဲ့ လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်တွေကြောင့် ငါတို့ NLD မှ NLD၊ ခမောက်မှ ခမောက်ဆိုသူ NLD အဖွဲ့ဝင်တွေလဲ တဖွဲဖွဲနဲ့ နုတ်ထွက်နေကြတာ ကြာရင် ခမောက်တစ်လုံးတည်းနဲ့ မလုံမခြုံဖြစ်နေမှာတောင် စိုးရိမ်နေရပြီလေ။

ချူကလီးယားစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ရုရှားသမ္မတနှင့် ဆွီဒင်ဘုရင်တို့ မော်စကို၌ ဆွေးနွေး

မော်စကို ဇွန် ၁၈

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဆွီဒင်ဘုရင် ကာလ်ဂူစတပ်ဖ်–၁၆ တို့သည် ဇွန် ၁၄ ရက်က မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရုရှားသမ္မတနှင့် ဆွီဒင်ဘုရင်တို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေး ဆက်ဆံမှုများ တိုးချဲ့ပြုလုပ်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရေးများကို ဆွေးနွေးခဲ့ကြသည်။

ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အသစ်များ ထူထောင်ကြရေးကို ယခုခရီးစဉ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြမည်ဟု မျှော်လင့်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

ထို့အတူ ဆွီဒင်ဘုရင်ကလည်း ၁၉၈၀ပြည့်နှစ်ကတည်းက ချူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ခြင်းကို မပြုလုပ်တော့သည့် ဆွီဒင်နိုင်ငံအနေဖြင့် ရုရှားနှင့်အတူ ချူကလီးယားစွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်သွားရန် စိတ်ဝင်စားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဆွီဒင်ဘုရင်သည် ရုရှားနိုင်ငံ ဆာမာရာဒေသသို့ အလည်အပတ်ခရီးထွက်မည်ဖြစ်ပြီး ထိုဒေသတွင်လျှပ်စစ်အင်ဂျင်နီယာလုပ်ငန်း၊ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် မော်တော်ယာဉ်လုပ်ငန်းများကဲ့သို့သော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသည်။ **အင်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ ဂင်ဇာဒေသတွင်ရှိသော ဂင်ဇာဈေးကြီး၏ အတွင်းတစ်နေရာ၌ ထီးများဖြင့် အလှဆင်ထားသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ရဲစက်ရုပ်

တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဝူဟန်မီးရထားဘူတာရုံအနီးတွင် အစောင့်ချထားသော ရဲစက်ရုပ်အား ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယခုနှစ်အတွင်း တရုတ်၌ ရေလွှမ်းမှု ၁၂၈ဦးသေဆုံး ၂၄ဦးပျောက်ဆုံး

ပေကျင်း ဇွန် ၁၈

တရုတ်နိုင်ငံ၌ ယခုနှစ်အစမှ ဇွန် ၁၅ရက်အထိ ရေလွှမ်းမှုကြောင့် ၁၂၈ဦးသေဆုံးခဲ့ပြီး ၂၄ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်နိုင်ငံရေလွှမ်းမှုထိန်းချုပ်ရေးရုံးက ဇွန် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ပျက်စီးဆုံးရှုံး

အဆိုပါကာလအတွင်း ရေလွှမ်းမှုဒဏ်ကို ပြည်သူ ၂၂ ဒသမ ၇၂သန်း ခံစားခဲ့ရပြီး ကောက်ပဲသီးနှံ ဟက်တာ ၁ ဒသမ ၂၂သန်း ပျက်စီးခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှု ငွေကြေးတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁ဒသမ၁၇ ဘီလီယံခန့်ရှိကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ယခု ဇွန်လတစ်ဝက်တည်း၌ပင် ရေလွှမ်းမှုကြောင့် ၆၃ဦး သေဆုံးခဲ့ရသလို ငွေကြေးဆုံးရှုံးရမှုမှာ ယွမ်ငွေ ၆ ဒသမ ၅၅ဘီလီယံရှိပြီး စိုက်ပျိုးမြေ ဟက်တာပေါင်း ၇၁၇၀၀၀ပျက်စီးခဲ့ရသည်။

ရေလွှမ်းမှုဒဏ်ခံစား

ယခု ဇွန်လ ၁၅ ရက်တာ ကာလအတွင်း ရေလွှမ်းမှုကြောင့် ပြည်သူ ၁၄ ဒသမ၂၄သန်း ရေလွှမ်းမှုဒဏ်ခံစားခဲ့ကြရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာတွင် ဗုံးပေါက်ကွဲ၊ ၁၃ ဦး ဒဏ်ရာရရှိ

ဘိုဂိုတာ ဇွန် ၁၈

ကိုလံဘီယာနိုင်ငံအနောက်ပိုင်း အာမီးနီးယားမြို့လယ်ကောင်ရှိ ထီနှင့်ဆုကြေးငွေဌာန၌ ဇွန် ၁၅ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတို့အနက် ၁၁ ဦးမှာ ဖြတ်သန်းသွားသူများဖြစ်ပြီး အခြားနှစ်ဦးမှာ အာမီးနီးယားမြို့တော်ဝန်ဆိုင်ရာနှင့် အမျိုးသားစာရင်းအင်း စီမံခန့်ခွဲရေးဌာန (ဒီအေအင်န်အီး)အနီးတွင် တည်ရှိသော အိုရှိုအာ ထီနှင့်ဆုကြေးဌာနမှ ဝန်ထမ်းများဖြစ်သည်။

အခြား ၁၁ ဦးမှာ ဒဏ်ရာအနည်းငယ်စီသာရရှိခဲ့ပြီး ဆေးရုံအရေးပေါ်ခန်း၌ ကုသမှုခံနေသော ထီဌာနမှ ဝန်ထမ်းနှစ်ဦး၏ အခြေအနေလည်း ကောင်းမွန်လာပြီဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန် ရေတပ်အရာရှိဟောင်း လက်နက်ရောင်းဝယ်မှုဖြင့် တရားစွဲခံရ

နယူးယောက် ဇွန် ၁၈

ဝက်ဘ်ဆိုက်မှတစ်ဆင့် သူလျှိုတစ်ဦးထံ လေဆာလက်နက်များ ရောင်းချမှုဖြင့် အမေရိကန် ရေတပ်ဗိုလ်ကြီးဟောင်းတစ်ဦးသည် တရားစွဲဆို ခံနေရကြောင်း နယူးယောက်ရှိ ရှေ့နေများက ဇွန် ၁၄ ရက်၌ ပြောကြားခဲ့သည်။

ထုတ်ဖော်

မိုင်းရှင်းသင်္ဘောပေါ်တွင်ထောက်ပံ့ရေးအရာရှိဖြစ်သူ အသက် ၃၂ နှစ်အရွယ်ရှိ ဒေးဗစ်ကာမဲလ်သည် ၎င်းတာဝန်ထမ်းဆောင်စဉ်တွင် လေဆာလက်နက်များ၊ စက်သေနတ်ပြောင်းများ၊ ညကြည့်ရေကာမှန်များနှင့် ၎င်း၏ယာဉ်အတွက် မလိုအပ်သော အခြားအစိတ်အပိုင်းများ အပါအဝင် အမျိုးအမည် ရာပေါင်းများစွာကို ဝယ်ယူခဲ့ကြောင်း အစိုးရရှေ့နေများက ထုတ်ဖော်ပြောကြားခဲ့သည်။

ကာမဲလ်သည် မှန်ပြောင်းတပ်ရိုင်ဖယ်ကို ဝက်ဘ်ဆိုက်တွင် ကြေညာပြီးနောက် နယူးယောက်ရှိ သူလျှိုတစ်ဦးထံမှ မှန်ပြောင်းနှင့် အခြားပစ္စည်းအကြောင်း စုံစမ်းမှုကို လက်ခံရရှိခဲ့ကြောင်း ၎င်းရှေ့နေများက စွပ်စွဲသည်။ အမ်အင်န်အေ၊ရိုက်တာ

ကဘူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက် နေတိုးတပ်ဖွဲ့ဝင်များ အရပ်သားများကို ပစ်ခတ်သတ်ဖြတ်

ကဘူးလ် ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဇွန် ၁၆ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားသည့်နေရာ၌ နေတိုးတပ်များက အာဖဂန်အရပ်သားများကို ပစ်ခတ်ခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အဆိုပါဗုံးခွဲ တိုက်ခိုက်မှုမြင်ကွင်း၌ တွေ့ရသောအာဖဂန်အရပ်သားများအား သေနတ်ဖြင့်တရစပ်ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

သေဆုံး

ယင်းအသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အရပ်သား အနည်းဆုံးသုံးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

လေးကြိမ်ဖြစ်

အနောက်အုပ်စု ကျောထောက်နောက်ခံပြုသော အာဖဂန်အစိုးရအား တာလီဘန်တိုက်ခိုက်ရေးသမားများက အရှိန်မြှင့်တိုက်ခိုက်ခဲ့ရာ လွန်ခဲ့သော နှစ်ရက်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ကားဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်နှင့်ရိုမေးနီးယား ပူးတွဲစစ်ရေးလေ့ကျင့်

ဘူခါရက် ဇွန် ၁၈

ရိုမေးနီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် ရိုမေးနီးယားနှင့် ပြင်သစ်လေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဇွန် ၁၆ ရက်က စတင်ပြုလုပ်ခဲ့ကြကြောင်း ရိုမေးနီးယား ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

ယခုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းသည် နှစ်နိုင်ငံအကြား လေတပ်အချင်းချင်းလေကြောင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှု ပုံမှန်ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း ရွှမ်ပရက်စ်သတင်းစာက ဖော်ပြသည်။

ပျံသန်းကြမည်

ရိုမေးနီးယားနှင့် ပြင်သစ်တို့၏ ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပြင်သစ်မှ ၁၈အမ်အိုင်ဂျီ–၂၁ လန်ဆာ လေယာဉ်များက ရိုမေးနီးယားနိုင်ငံသို့ ခရီးရှည်ပျံသန်းမှုပြုလုပ်ပြီး ရိုမေးနီးယားလေတပ်မှ မီရေ့စ်လေယာဉ်များက ပြင်သစ်လေတပ်စခန်းသို့ ပျံသန်းကြမည်ဖြစ်သည်။

ယခုလေ့ကျင့်မှုသည် ပင်လယ်နက်အနီး ရိုမေးနီးယားလေတပ် အခြေစိုက်စခန်းတစ်ခု၌ ၁၉၉၈ ခုနှစ်မှ စတင်ကာ ပထမဆုံးအကြိမ် ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားက နိုင်ငံပေါင်း ၁၁ နိုင်ငံအား ဆိုက်ရောက်ဗီဇာများ ထပ်မံထုတ်ပေးမည်

ဂျကာတာ ဇွန် ၁၈

အင်ဒိုနီးရှားနိုင်ငံသည် ဆိုက်ရောက်ဗီဇာများကို ကမ္ဘာ့နိုင်ငံ ၁၁ နိုင်ငံအား ထပ်မံခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆိုက်ရောက်ဗီဇာများထုတ်ပေးရမှုမှာ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်စေရန်အတွက်ဖြစ်ကြောင်း ဇွန် ၁၆ ရက်၌ ပြည်တွင်း မီဒီယာများက ဖော်ပြသည်။

အဆိုပါ ဆိုက်ရောက်ဗီဇာတိုးချဲ့ ထုတ်ပေးသွားမည့်နိုင်ငံများမှာ အယ်လ်ဂျီးရီးယား၊ ချက်သမ္မတနိုင်ငံ၊ ဖီဂျီ၊ လတ်ဗီးယား၊ လစ်ဗျား၊ လစ်သူယေးနီးယား၊ပနားမား၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယားနှင့် တူနီးရှားနိုင်ငံတို့ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၀၇ခုနှစ် မေ ၂၈ ရက်မှ စတင်ကာ ၎င်းအမိန့်ဒီကရီ အကျုံးဝင်မည် ဖြစ်သည်။ အင်ဒိုနီးရှား နိုင်ငံသို့ နိုင်ငံပေါင်း ၆၃ နိုင်ငံမှ ခရီးသွားများသည် ဆိုက်ရောက်ဗီဇာဖြင့် လာရောက်ကြမည် ဖြစ်သည်။

စီစဉ်ဆောင်ရွက်

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသည် ခရီးသွားများ ပိုမိုလာရောက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိရန် အခြားနိုင်ငံများကိုလည်း ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီတစ်ခု၌ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်နေသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



၁၉ရာစုက ဖုံးအစအန ဝေလငါးထဲ၌ တွေ့ရှိ

လန်ဒန် ဇွန် ၁၈

အမေရိကန် ပြည်တွင်းစစ်ပြီးစတွင် ပေါက်ဖွားအရွယ်ရောက်လာသည့် ဝေလငါးတစ်ကောင်ထံမှ ဖုံးအစအနတစ်ခုကို သိပ္ပံပညာရှင်များက ဆွဲနုတ်ယူလိုက်ရသည် (အပေါ်ပုံ) **ဆိုသည်။**

ထိုဖုံးဆန်သည် ၁၈၇၉ခုနှစ်တွင် စတင်အသုံးပြုပြီး ၁၈၈၅ခုနှစ်အထိ ထုတ်လုပ်ခဲ့သော ချိန်ကိုက်ဖုံးမှ ဖြစ်သည်။ ဖုံးဆန်မှာ ကိုးစင်တီမီတာရှည်ပြီး ဝေလငါး၏ပခုံးတွင် စူးဝင်နေခြင်းဖြစ်သည်။

ယုံကြည်

အသက် ၁၀၀ ကျော်သည့် ဝေလငါးကို တွေ့ရခဲ့သော်လည်း ဝေလငါးများသည် အသက် ၂၀၀ အထိရှည်နိုင်သည်ဟုလည်း သိပ္ပံပညာရှင်များက ယုံကြည်သည်။

ဤဝေလငါးသည် ယင်းဒဏ်ရာကို ၁၈၉၀ပြည့်ဝန်းကျင်က ရရှိသည့် လက္ခဏာရှိကြောင်း ယူဆကြသည်။ အလက်စကာကမ်းလွန်၌ ခွဲတမ်းအရ ဝေလငါးများဖမ်းဆီးစဉ် အဆိုပါငါးကို ဖမ်းမိခြင်းဖြစ်သည်။ (အင်တာနက်)

တန်ဇန်းနီးယားက ဇီဝစွမ်းအင်အတွက် ကမ္ဘာ့မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်

ဒါရက်စလန် ဇွန် ၁၈

တန်ဇန်းနီးယားနိုင်ငံသည် ဇီဝစွမ်းအင်နှင့်ပတ်သက်ပြီး ကမ္ဘာ့ဇီဝစွမ်းအင်ဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ပူးတွဲဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် အာဖရိကတိုက်၏ ကမ္ဘာ့ဇီဝစွမ်းအင်ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝစွမ်းအင်မိတ်ဖက် နိုင်ငံများအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း တန်ဇန်းနီးယားနိုင်ငံမှ အရာရှိတစ်ဦးက ပြောကြားသည်။

ဆက်လက်ပြောကြား

တန်ဇန်းနီးယားနိုင်ငံ၌ ဇီဝလောင်စာ ထုတ်ယူရရှိနိုင်သော အပင်များစိုက်ပျိုးရန် စိုက်ခင်းများ ထူထောင်ရမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

ဇီဝလောင်စာ စွမ်းအင်ထုတ်ယူရေးအတွက် အပင်များစိုက်ပျိုးထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိုလည်း မဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဇမ်ဘီယာ၌ ပြောင်းဖူးထုတ်လုပ်မှုကျဆင်း

လူဆာကာ ဇွန် ၁၈

ဇမ်ဘီယာနိုင်ငံ၏ ပြောင်းဖူးထုတ်လုပ်မှုမှာ ယမန်နှစ်က ပြောင်းဖူးတန်ချိန် ၁၄၀၀၀၀၀ ထုတ်လုပ်ခဲ့ရာတွင် ယခုနှစ် ၂၀၀၆–၂၀၀၇ ရာသီ၌ တန်ချိန် ၁၃၆၆၁၅၈ တန်အထိသာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဇမ်ဘီယာတိုင်းမ်က ကိုးကားတင်ပြသည်။

ဇမ်ဘီယာနိုင်ငံ၏ ပြောင်းဖူးထုတ်လုပ်မှုမှာ ၄ဒသမ၉ရာခိုင်နှုန်း လျော့ကျမည်ဖြစ်ကြောင်း၊ ဇမ်ဘီယာတွင် အပိုသီးနှံတန်ချိန် ၂၅၀၀၀၀ရှိထားပြီဖြစ်၍ စားနပ်ရိက္ခာအတွက် ပူပန်စရာ မလိုကြောင်း စိုက်ပျိုးရေးဝန်ကြီး ဘင်ကာပီတာ၏ ပြောကြားချက်ကို ဇမ်ဘီယာတိုင်းမ်က ကိုးကားဖော်ပြသည်။

ဇမ်ဘီယာနိုင်ငံ၏ လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၁၂ ဒသမ ၁ သန်းရှိရာ စုစုပေါင်း ပြောင်းစားနပ်ရိက္ခာလိုအပ်ချက်မှာ ၁၅၄၉၁၈၈ တန် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကျွန်းမာရေးဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရ

ဘရပ်ဆဲလ် ဇွန် ၁၈

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ဒတ်ချ် ဆေးဘက်ဆိုင်ရာအကူအညီပေးရေးအဖွဲ့မှ အဖွဲ့ဝင် အာဖဂန်နစ္စတန် ဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရကြောင်း နယ်သာလန်အသံလွှင့်ဌာနက ဇွန် ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါနှစ်ဦးမှာ ဆရာဝန်နှင့် ၎င်း၏ယာဉ်မောင်း ဖြစ်ကြောင်း၊ လုပ်ငန်းဖြင့် ခရီးထွက်ပြီးနောက် ၎င်းတို့သည် အခြေစိုက်ရာဆေးရုံသို့ ပြန်မလာခဲ့ကြကြောင်း အခင်းဖြစ်ချိန်ကို ပြောကြားခြင်းမရှိဘဲ ယင်းဌာနက သတင်းတွင် ဖော်ပြခဲ့သည်။

ခြိမ်းခြောက်

နောက်ပိုင်းတွင် ၎င်းနှစ်ဦးကို ပြန်ရွေးရန် ဒေါ်လာ ၁၀၀၀၀၀ တောင်းဆိုမှုကို တယ်လီဖုန်းမှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း၊ အကယ်၍ တောင်းဆိုငွေကိုမပေးပါက ၎င်းတို့ကို ခေါင်းဖြတ်သတ်မည်ဟု ပြန်ပေးသမားများက ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။

နေတိုးခေါင်းဆောင်သည့် နိုင်ငံတကာ လုံခြုံမှုကူညီရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက တာလီဘန်နှင့် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများကို ထိုးစစ်ဆင်ရာ နန်ဂါဟာပြည်နယ်တွင် ယင်းပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ တစ်လွှား ထူး ထူး ခြား ခြား

ရာစုတစ်ဝက်က မော်တော်ကား

ရာစုတစ်ဝက်ခန့်က ထုတ်လုပ်ခဲ့သော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တူလ်ဆာမြို့တွင်ရှိသော ပလိုင်းမောက်အမျိုးအစား မော်တော်ကားတစ်စီးမှာ လွန်ခဲ့သည့် ၁၉၅၇ ခုနှစ်က ထုတ်လုပ်ခဲ့သော မော်တော်ကားတစ်စီးဖြစ်ရာ ၎င်းကားကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် ပြသထားကြောင်း သိရသည်။ **(အင်တာနက်)**

မျက်လုံးလေးလုံးပါရှိသည့်လိပ်

မျက်လုံးလေးလုံး ပါရှိသော လိပ်လေးတစ်ကောင်ကိုတွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွင် တွေ့ရှိရသည့် လိပ်လေးတစ်ကောင်သည် မျက်လုံး လေးလုံးပါရှိပြီး အရွယ်အစားအလွန်သေးငယ်သည်။ ရှည်လျားသော အမြီးလည်း ပါရှိသဖြင့် ထူးခြားသော လိပ်မျိုးစိတ်တစ်ခု ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်၌ တစ်ဦးသေဆုံး

ဟန္နိုင်း ဇွန် ၁၈

ဗီယက်နမ်နိုင်ငံ ဟာတေးပြည်နယ်မြောက်ပိုင်း၌ ကြက်ငှက် တုပ်ကွေးရောဂါဖြင့် တစ်ဦးသေဆုံးသွားကြောင်း၊ ယင်းသေဆုံးမှုမှာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ပထမဆုံးသေဆုံးခြင်း ဖြစ်ကြောင်း ဇွန် ၁၆ ရက်တွင် ဗီယက်နမ် အစိုးရက ထုတ်ပြန်သောကြေညာချက်ကိုကိုးကားလျက် နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သွားသည်။

အဆိုပါ သေဆုံးမှုသည် ဗီယက်နမ်နိုင်ငံတွင် ၄၃ ဦးမြောက်ကြက်ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1ကြောင့် ကမ္ဘာတစ်ဝန်း ၁၉၁ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း၊ ကြက်ငှက်သန်းရာချီ၍သေဆုံးခြင်း သို့မဟုတ် သုတ်သင်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

19-6 (11) 1 6/18/07, 1:59 PM

● *ကျောဖုံးမှ*

အသက် ၁၉ နှစ်အောက် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် လာမည့်အောက်တိုဘာ ၅ ရက်မှ ၁၆ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည့် ၂၀၀၇ ခုနှစ် အသက် ၁၉ နှစ်အောက် အာရှအမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင် ၂၈ ဦးဖြင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အုပ်စု(က)

မြန်မာ(ယူ-၁၉)အမျိုးသမီး ဘောလုံးအသင်းသည် အုပ်စု(က)၌ မြောက်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့်အတူ ပါဝင်လျက်ရှိသည်။ အုပ်စု(ခ)တွင် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)တို့ ပါဝင်ကြသည်။

အသက် ၁၉ နှစ်အောက် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်(မြို့တော်စည်ပင်)၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်(စက်မှု-၁)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အားကစားသမားများအဖြစ် **(ဂိုး)** မြဖူးငုံ၊ ဇင်မင်းထွန်း၊ **(နောက်တန်း)** ခင်မျိုးဝင်း၊ မေသူဝင်း၊ ဖူးပွင့်ခိုင်၊ စုစုထွန်း၊ ဇင်မာဝင်း၊ အေးအေးမာ၊ နန်းနှင်းနှင်းထွေး၊ ယဉ်မင်းလှိုင်၊ မာလာချို၊ **(အလယ်တန်း)** မေသက်ဖြူ၊ ခင်မိုးဝေ၊ သီတာအောင်၊ အေးငြိမ်းသူ၊ စုငြိမ်းအေး၊ သန္တာမိုး၊ နီလာမြင့်၊ သီရိမြတ်၊ **(ရှေ့တန်း)** မူမူလွင်၊ အိအိဖြိုး၊ မာဂရက်မေရီ၊ နော်အားလိုဝါးဖော၊ ဇာဖြူပွင့်တို့ ပါဝင်ကြသည်။

ခြေစစ်ပွဲအောင်မြင်

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ မြန်မာ(ယူ-၁၉) အမျိုးသမီးအသင်းသည် အိန္ဒိယ(ယူ-၁၉) အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဂျော်ဒန်(ယူ-၁၉) အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူ(ယူ-၁၉) အမျိုးသမီးအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်း(ယူ-၁၉) အမျိုးသမီးအသင်းနှင့် သုံးဂိုးစီ သရေကျခဲ့သည်။

မြန်မာ(ယူ-၁၉) အမျိုးသမီးအသင်းနှင့် ထိုင်း(ယူ-၁၉) အမျိုးသမီးအသင်းတို့ ၁၀ မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ မြန်မာ(ယူ-၁၉) အမျိုးသမီးအသင်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် ပွဲစဉ်များရေးဆွဲထားပြီးဖြစ်ရာ မြန်မာ(ယူ-၁၉) အမျိုးသမီးအသင်းသည် အောက်တိုဘာ ၆ ရက်တွင် မြောက်ကိုရီးယားအသင်း၊ ၈ ရက်တွင် ဂျပန်အသင်း၊ ၁၀ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခေတ္တရပ်နား

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် အသက် ၁၉ နှစ်အောက် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့သည် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ချိန်မှလွဲ၍ နှစ်လုံးပေါက် လေ့ကျင့်နေခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေလအတွင်းက ကျင်းပသည့် ပြည်နယ်နှင့် တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အားကစားသမားများအား သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအသင်းများ၌ ပါဝင်ကစားခွင့်ပြုခဲ့သဖြင့် လေ့ကျင့်မှုများကို ခေတ္တရပ်နားခဲ့ခြင်းဖြစ်သည်။

အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သော အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းအား ကြိုဆိုနှုတ်ဆက်ကြသူများနှင့်အတူ ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ပဏာမမြန်မာ(ယူ -၁၉) အမျိုးသမီး ဘောလုံးအသင်းတို့မှ လက်ရှိရွေးချယ်ထားသည့် ပဏာမလက်ရွေးစင် အားကစားသမားများအပြင် ပြီးခဲ့သည့် ပြည်နယ်နှင့် တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ခြေစွမ်းပြကစားပြီး အလားအလာရှိသော လူငယ်အမျိုးသမီး ဘောလုံးသမားများအား ထပ်မံ အင်အားဖြည့်တင်းကာ လေ့ကျင့်မှုများကို အပြင်းအထန်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပ ဒိုင်ဗင်အားကစားသမားများ စွမ်းရည်သရုပ်ပြ

ရန်ကုန် ဇွန် ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး အား/ကာနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရေကူးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

သရုပ်ပြ

ပြိုင်ပွဲဝင် မီတာ ၅၀၊ ၁၀၀ အလွတ်ကူး၊ လိပ်ပြာကူး၊ ပက်လက်ကူးနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲများ၊ မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ၊ မီတာ ၂၀၀ အမျိုးသား လိပ်ပြာကူးနှင့် အမျိုးသမီး ရင်ပေါင်တန်းကူးပွဲစဉ် စုစုပေါင်းပွဲ ၂၀ ကို ကျင်းပသည်။ ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ရွေးချယ်လေ့ကျင့်ပေးနေသည့် ဒိုင်ဗင်အားကစားသမားများက ဟန်ချက်ညီ နှစ်ယောက်တွဲ ဒိုင်ဗင်စွမ်းရည် သရုပ်ပြသကြသည်။

ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မီတာ ၂၀၀ အလွတ်ကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသား လိပ်ပြာကူးပြိုင်ပွဲ ဆုရရှိသူများကို ဆုကြေးငွေများနှင့် သရုပ်ပြသခဲ့သော ဒိုင်ဗင်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ယှဉ်/လေ့) ဦးနော်တောင်က အမျိုးသမီး မီတာ ၂၀၀ ရင်ပေါင်တန်း ရေကူးပြိုင်ပွဲနှင့် အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများအား ဆုကြေးငွေများချီးမြှင့်သည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ) **(အပေါ်ပုံ)**နှင့် အမှုဆောင်များက ပြိုင်ပွဲများ၌ ဆုရ အားကစားမောင်မယ်များအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုငွေ

ယခုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုကြေးငွေများနှင့် ဒိုင်ဗင်သရုပ်ပြအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ချီးမြှင့်ငွေစုစုပေါင်း ကျပ်နှစ်သိန်းနှစ်သောင်း လေးထောင်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တာမွေမြို့နယ် ကျားကွက်သစ် (စံပြ)ရပ်ကွက် တိုက်နောက်လမ်းကြားနှင့် ရှေ့ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် ကျားကွက်သစ် (စံပြ)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဇော်သန့်တို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (က-ပ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၁၈

၂၀၀၇ ခုနှစ် ပဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့်(၃၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အနိုင်ရ

ပင်းဝိတ်တန်း (က)အဆင့်ပြိုင်ပွဲတွင် ဇော်မျိုးဝင်း(မန္တလေးတိုင်း)က ဝေဖြိုးထွန်း(ရန်ကုန်တိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ဖယ်သာဝိတ်တန်း (က)အဆင့်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ ကိုထက်(ရန်ကုန်တိုင်း)က အောင်နိုင်(ရှမ်းမြောက်)ကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်

ဆက်လက်၍ ဝယ်လ်တာ ဝိတ်တန်း (ခ)အဆင့်၊ ဖယ်သာဝိတ်တန်း (ခ)အဆင့်၊ ဘင်တန်ဝိတ်တန်း(ခ) အဆင့်၊ ပင်းဝိတ်တန်း (ခ)အဆင့်၊ ဝယ်လ်တာဝိတ်တန်း(ဂ)အဆင့်၊ လိုက်ဝိတ်တန်း (ဂ)အဆင့်၊ လိုက်ဖလိုင်းဝိတ်တန်း(ဂ)အဆင့်၊ သက်ငယ် ၅၁ ကီလိုတန်း၊ သက်ငယ် ၄၈ ကီလိုတန်းနှင့် အမျိုးသမီး ၄၈ ကီလိုတန်းများ ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပင်းဝိတ်တန်း

ပင်းဝိတ်တန်း (က)အဆင့်ပြိုင်ပွဲတွင် ဇော်မျိုးဝင်း (မန္တလေးတိုင်း)နှင့် ဝေဖြိုးထွန်း (ရန်ကုန်တိုင်း)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ဤသို့ ယှဉ်ပြိုင်ခဲ့သည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဘင်တန်ဝိတ်တန်း

ဘင်တန်ဝိတ်တန်း (ခ)အဆင့်ပြိုင်ပွဲတွင် စိုးစိုးမြတ်(စစ်ကိုင်းတိုင်း) ဘယ်လက်သီးက မင်းမင်းထွန်း (ပဲခူးတိုင်း)မျက်နှာကို ထိမိထားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရီးရဲမက်ဒရစ်တို့ လာလီဂါဖလား ကိုင်မြှောက်ခွင့် ပြန်လည်ရရှိ နစ္စတယ်ရိုင်း ဥရောပ ရွှေဖိနပ်ဆုနှင့် လွဲခဲ့ရ

အင်တာနက်မြင်ကွင်း
မောင်မောင်မြင့်ဆွေ

လာလီဂါဖလားကို ကိုင်မြှောက်ကာ အောင်ပွဲခံနေကြသော ရီးရဲမက်ဒရစ်အသင်းသားများ။ (ဓာတ်ပုံ–အင်တာနက်)

အချိန် ။ ။ **၂၀၀၇ခုနှစ် ဇွန် ၁၇ရက်**
(မြန်မာစံတော်ချိန် ဇွန်၁၈ရက် နံနက် ၁း၃၀ နာရီ)
နေရာ ။ ။ **ရီးရဲမက်ဒရစ်အသင်း၏ ဘာနေဗျူးကွင်း၊**
ပွဲစဉ် ။ ။ **ရီးရဲမက်ဒရစ်နှင့် မာလော့ကာ။**

၂၀၀၆–၂၀၀၇ခုနှစ် လာလီဂါဘောလုံးရာသီရဲ့ နောက်ဆုံးပွဲစဉ် ဖြစ်သလို လာလီဂါဖလားအတွက် အဆုံးအဖြတ်ပွဲလဲဖြစ်နေတာမို့ ဘာနေဗျူးကွင်းမှာ ရီးရဲမက်ဒရစ် ပရိသတ်တွေ ဖွေးဖွေးလှုပ်အောင် ပြည့်လျှံနေပါတယ်။

လာလီဂါဖလားနှင့် သုံးနှစ်ဆက်တိုက်ဝေးကွာခဲ့ရတဲ့ ရီးရဲမက်ဒရစ် ဘောလုံးသမားတွေနဲ့ ရီးရဲမက်ဒရစ်ပရိသတ်တွေအတွက်ကတော့ တကယ့်ကို ရင်ခုန်လှိုက်မောစရာကောင်းတဲ့ပွဲစဉ် ဖြစ်နေပါတယ်။

ဒီပွဲဟာ လာလီဂါဖလားအတွက် အရေးကြီးသလို ဥရောပရွှေဖိနပ်ဆုအတွက်လဲ အဆုံးအဖြတ်ပေးမယ့်ပွဲမို့ လာလီဂါမှာ ၂၅ဂိုးသွင်းထားပြီးဖြစ်တဲ့ နစ္စတယ်ရိုင်းနှင့် ရီးရဲမက်ဒရစ်အသင်းအပေါ်ကမ္ဘာ့ဘောလုံးပရိသတ်တွေ စိတ်ဝင်စားမှု မြင့်မားနေခဲ့ပါတယ်။

ကွင်းထဲဝင်ရောက်

ရီးရဲနည်းပြ ကာပယ်လိုဟာ ဒီပွဲအပြီးမှာ လာလီဂါဖလားကိုင်ပြီး အောင်ပွဲခံမယ်လို့ ရီးရဲမက်ဒရစ်ဘောလုံးသမားတွေကို အမြင့်ဆုံးစိတ်ဓာတ်ထားကစားအောင် တွန်းအားပေးခဲ့သလို မာလော့ကာတို့ကလဲ ရီးရဲမက်ဒရစ်တို့ လာလီဂါဖလားမရအောင် အစွမ်းကုန်တားဆီးသွားမယ်ဆိုတဲ့ စိတ်ဓာတ်တွေကိုယ်စီနဲ့ နှစ်ဖက်ဘောလုံးသမားတွေ ကွင်းထဲဝင်ရောက်ခဲ့ကြပါတယ်။

ရီးရဲမက်ဒရစ်ဟာ တိုက်စစ်မှာနစ္စတယ်ရိုင်း၊ ရာအူးလ်နဲ့ ရော်ဘင်ဟိုတို့ကိုထားပြီး ပွဲအစမှာကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပါတယ်။ နိုင်လိုစိတ်ဓာတ်များနေတဲ့ ရီးရဲမက်ဒရစ်တို့ဟာ ပွဲအစမှာ ဆန္ဒတွေစောပြီး အလွဲလွဲအချော်ချော်ဖြစ်နေလို့ ရီးရဲပရိသတ်တွေလဲ ရင်မနေခဲ့ကြရပါတယ်။ ဒေးဗစ်ဘက်ခမ်းဟာ ဝဲဘက်ခြေထောက် ဒဏ်ရာရနေပေမယ့် ရီးရဲမက်ဒရစ်အတွက် နောက်ဆုံးပွဲစဉ်လဲဖြစ်၊ လာလီဂါဖလားရယူပေးချင်တဲ့ ဆန္ဒလဲပြင်းပြနေတာမို့ ဒဏ်ရာကို ဂရုမထားဘဲ ဝင်ရောက်ကစားပေးလို့ ရီးရဲပရိသတ်တွေလဲ ကျေနပ်မဆုံးဖြစ်နေခဲ့ရပါတယ်။

စိတ်လှုပ်ရှားနေ

ဒေးဗစ်ဘက်ခမ်းဆီ ဘောလုံးရောက်တိုင်း ပရိသတ်တွေ ဝိုင်းဝန်း အားပေးခဲ့ကြတာမို့ ဒေးဗစ်ဘက်ခမ်းဟာ ဒီပွဲကိုကစားရင်း ဝမ်းသာဝမ်းနည်း ခံစားနေရမှာပါပဲ။ ရီးရဲမက်ဒရစ်ဘောလုံးသမားတွေ စိတ်လှုပ်ရှားလွန်းနေတာဟာ မျက်နှာတွေမှာ အတိုင်းသား ပေါ်လွင်နေပါတယ်။

ရီးရဲမက်ဒရစ်မှ ရေးယက်စ် အနိုင်ဂိုးသွင်းယူပြီးနောက် ပျော်ရွှင်မြူးထူးနေကြသော ဒေးဗစ်ဘက်ခမ်းနှင့် ကစားဖော်များ။ (ဓာတ်ပုံ–အင်တာနက်)

ဒီလိုစိတ်လှုပ်ရှားပြီး တည်ငြိမ်မှုရှိမနေတာကို မာလော့ကာတို့က အခွင့်ကောင်းယူပြီး ဖိကစားခဲ့တာမို့ ပွဲချိန်၁၇မိနစ်မှာ မာလော့ကာကွင်းလယ်ကစားသမား အရန်ဂို ဖန်တီးပေးလိုက်တဲ့ ဘောလုံးကို မာလော့ကာနောက်ခံလူ ဗာရီလာက သွင်းယူခဲ့လို့ မာလော့ကာတို့ အဖွင့်ဂိုးရရှိသွားပါတယ်။

ဒီလိုအဖွင့်ဂိုး အသွင်းခံလိုက်ရလို့ ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုမျက်နှာဟာ ပြုဆင်းသွားခဲ့သလို ရီးရဲပရိသတ်ကြီးလဲ ငြိမ်ကျသွားပါတော့တယ်။ ပရိသတ်တွေရဲ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ အထင်းသားပေါ်လွင်နေသလို ဝမ်းနည်းမှုတွေလဲ ဖြစ်ပေါ်နေတော့တာပါပဲ။

ခေါင်းငိုက်စိုက်ကျ

ဒီအချိန်မှာ ရီးရဲမက်ဒရစ်နဲ့ အပြိုင် လာလီဂါဖလားရယူဖို့ အစွမ်းကုန်ကြိုးစားနေတဲ့ ဘာစီလိုနာက ပြိုင်ဘက် ဂျင်နက်စတစ်ကို ပွဲချိန် မိနစ် ၂၀မှာ တစ်ဂိုးစတင် သွင်းယူလိုက်တဲ့သတင်းကလဲ ကာပယ်လိုဆီရောက်ရှိလာသလို ပွဲချိန် ၃၄မိနစ်နဲ့ ၃၈မိနစ်တွေမှာ ဘာစီလိုနာတို့က ဆက်တိုက်ဂိုးတွေသွင်းယူခဲ့တဲ့ သတင်းတွေ ဆက်လက်ရောက်လာတာမို့ ရီးရဲနည်းပြ ကာပယ်လိုဟာ ခေါင်းငိုက်စိုက်ကျခဲ့တော့တာပါပဲ။

ဒီလိုအချိန်မှာ အားထားရတဲ့ တိုက်စစ်မှူးနစ္စတယ်ရိုင်း ဒဏ်ရာရရှိပြီး လူစားလဲခဲ့ရသလို အီမာဆင်ကိုလဲ ဂူတီနဲ့ လဲကစားခဲ့ပါတယ်။ ပထမပိုင်းပွဲပြီးချိန်မှာ ရီးရဲမက်ဒရစ်တို့က တစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနေသလို ပြိုင်ဘက် ဘာစီလိုနာတို့က သုံးဂိုးပြတ်နဲ့ နိုင်နေတာမို့ လာလီဂါဖလားဟာ ဘာစီလိုနာတို့ရဖို့ သေချာသလောက်ရှိနေခဲ့ပါတယ်။

မျှော်လင့်ချက်မဲ့သလောက်

ရီးရဲမက်ဒရစ် ပရိသတ်တွေဟာ သူတို့အားပေးမျှော်လင့်နေတဲ့ နစ္စတယ်ရိုင်း ဥရောပရွှေဖိနပ်ဆုနဲ့လွဲခဲ့ပြီဖြစ်လို့ စိတ်မကောင်းဖြစ်နေရသလို လာလီဂါဖလားအတွက်လဲ မျှော်လင့်ချက်မဲ့သလောက်ဖြစ်နေတာမို့ ဝမ်းနည်းကြေကွဲမှုတွေ ခံစားနေရချိန်ပါပဲ။

နည်းပြကာပယ်လိုက ဒုတိယပိုင်းပွဲစချိန်မှာ သူ့လူတွေကို စုစည်းမှုကောင်းကောင်းနဲ့ကစားစေခဲ့ပြီး ၆၆မိနစ်မှာ ဒေးဗစ်ဘက်ခမ်းအစား ရေးယက်စ်ကို ထည့်သွင်းကစားစေခဲ့ပါတယ်။ ရေးယက်စ်ဝင်ကစားပြီး နှစ်မိနစ်အကြာ ပွဲချိန်၆၈မိနစ်မှာ ရေးယက်စ်က ချေပဂိုးသွင်းယူပေးနိုင်လိုက်တာကြောင့် ရီးရဲတို့ တစ်ဂိုးစီဖြစ်ခဲ့လို့ ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လို စိတ်အားထက်သန်လာသလို ပရိသတ်တွေလဲ ထိုင်မကြည့်နိုင်ဘဲ မတ်တပ်ထပြီး အားပေးနေခဲ့ကြပါတယ်။

ရီးရဲမက်ဒရစ်အတွက် အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော ရေးယက်စ်။ (ဓာတ်ပုံ–အင်တာနက်)

ရီးရဲမက်ဒရစ်တို့ဟာ ဆက်တိုက်ဂိုးရရှိရေး ကြိုးစားနေခဲ့တာမို့ မိနစ် ၈၀မှာ ရေးယက်စ်ထောင့်ကန်ဘော ကန်တင်လိုက်တာကို မာလော့ကာဂိုးသမား မီဂွယ်လ်မိုရာ ကာကွယ်တာဟာ ဂိုးဝင်သွားတာမို့ ရီးရဲတို့ ဒုတိယဂိုး ရရှိသွားပါတယ်။ ဒီဂိုးရရှိခဲ့လို့ ပရိသတ်တွေရဲ့ ဝမ်းမြောက်ဝမ်းသာ အားပေးသံကလည်း မစဲတော့ပါဘူး။

အောင်ပွဲခံ

အခုပွဲမှာခြေစွမ်းပြနိုင်တဲ့ ရေးယက်စ်ဟာ သူ့ရဲ့ဒုတိယဂိုးကို ၈၃မိနစ်မှာ ဟီဂွာရင်ဖြတ်ပေးလိုက်တဲ့ ဘောလုံးကို ကန်သွင်းယူနိုင်ခဲ့တာကြောင့် ရီးရဲတို့သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရပြီး လာလီဂါဖလားကို လက်ဝယ်ပိုင်ပိုင် သိမ်းပိုက်နိုင်ခဲ့ပါတယ်။

ရီးရဲမက်ဒရစ် ပရိသတ်တွေဟာ ပွဲအပြီး ပေါက်ကွဲစွာ အောင်ပွဲခံခဲ့ကြလို့ လုံခြုံရေးတွေက တားဆီးဟန့်တားခဲ့ကြသလို ရီးရဲမက်ဒရစ် ဘောလုံးသမားတွေလဲ နည်းပြကာပယ်လိုကို ကိုင်မြှောက်ပြီး အောင်ပွဲခံခဲ့ကြပါတယ်။

အကြိမ်(၃၀)မြောက်

အခုပွဲဟာ ကမ္ဘာ့ကျော်ဘောလုံးသမားတွေ စုဝေးနေပြီး လာလီဂါဖလားကို သုံးနှစ်တာရယူမပေးနိုင်တာကြောင့် ဝေဖန်ဖိအားပေးနေမှုတွေအားလုံးကို ချေဖျက်ပေးခဲ့တဲ့ပွဲလဲ ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဒီဖလားဟာ ရီးရဲမက်ဒရစ်ရဲ့ လာလီဂါဖလားရရှိမှု အကြိမ်(၃၀)မြောက် ဖလားလဲ ဖြစ်ခဲ့ပါတယ်။

ဒီပွဲမှာ စိတ်မကောင်းစရာ ဖြစ်ရပ်နှစ်ခုကတော့ နစ္စတယ်ရိုင်း ဒဏ်ရာရရှိပြီး ထွက်ခဲ့ရလို့ ဂိုးမသွင်းနိုင်တော့ဘဲ ဥရောပရွှေဖိနပ်ဆုနဲ့ လွဲခဲ့ရတဲ့ အဖြစ်နဲ့ ဒေးဗစ်ဘက်ခမ်းရဲ့ ရီးရဲမက်ဒရစ်နောက်ဆုံးပွဲ ဖြစ်နေတာတွေပါပဲ။

နောက်ဆုံးပွဲ

ဒါပေမယ့် ဒီနှစ်လာလီဂါဖလားကို အခက်အခဲတွေကြားက ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့တာမို့ ရီးရဲမက်ဒရစ် ပရိသတ်တွေဟာ ညလုံးပေါက် အောင်ပွဲခံခဲ့ကြပေမယ့် ဂျင်နက်စတစ်ကို ငါးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ဘာစီလိုနာ ပရိသတ်တွေကတော့ သူများတွေလို မပျော်နိုင်ဘဲ ငေးမှိုင်နေခဲ့ကြရပါတော့တယ်။ ။

(ကိုးကား–အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အင်တာနက် အားကစားသတင်း အတိုအထွာ

- **အသက် (၂၁)နှစ်အောက် ဘယ်လ်ဂျီယံ လူငယ်ဘောလုံးအသင်းသည် ဇွန် ၁၆ရက်က အိမ်ရှင်နယ်သာလန်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကစားပြီး ယူ–၂၁ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။**
- အမေရိကန် တင်းနစ်ကစားသမား အင်ဒီရော့ဒစ်သည် လန်ဒန်၌ ကျင်းပသော ကွင်းကလပ် တင်းနစ်အားကစားပြိုင်ပွဲတွင် ပြင်သစ်မှ မာဟွတ်ကို ၄–၆၊ ၇–၆(၉–၇)၊ ၇–၆(၇–၂)ဖြင့်နိုင်ပြီး ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။
- **ကမ္ဘာ့နံပါတ်(၂) တင်းနစ်အားကစားမယ် ရုရှားသူ ရှာရာပိုဗာသည် ဘာမင်ဂမ်ကလပ်ဆစ် တင်းနစ်ပြိုင်ပွဲတွင် ဩစတြီးယား ဆယ်ကျော်သက် တင်းနစ်မယ် တာမီရာပက်ဇက်ကို ၆–၃၊ ၄–၆၊ ၆–၂ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။** (အင်တာနက်)

အီတလီလူငယ် တိုက်စစ်မှူးရော့ဆီ မန်ယူတွင် ပုံမှန်ကစားခွင့်ရလိုကြောင်းပြောကြား

ခြေစွမ်းပြနေသော မန်ယူရောက် အီတလီလူငယ်တိုက်စစ်မှူး ရော့ဆီ။ (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇွန် ၁၈

တိုက်စစ်မှူး ရော့ဆီက လာမည့်ရာသီတွင် အိုးထရက်ဖို့ဒ် အသင်းတွင် ပထမဆုံးအသင်း၌ ကစားခွင့်ပေးရန် မန်ယူနည်းပြဖာဂူဆန်အား တောင်းဆိုလိုက်သည်။

အငှားချ

အသက်၂၀ အရွယ်ရှိ အဆိုပါ တိုက်စစ်မှူးအား ပြီးခဲ့သောရာသီက နယူးကာဆယ်အသင်းသို့ အငှားချထားသူဖြစ်သည်။ တိုက်စစ်မှူးရော့ဆီအား မန်ယူနည်းပြ ဖာဂူဆန်က အိုးထရက်ဖို့ဒ်၌ ကစားခွင့်မပေးဘဲ နယူးကာဆယ်သို့ အငှားချထားခဲ့ခြင်း ဖြစ်သည်။

ယှဉ်ပြိုင်

ယခုအခါ ရော့ဆီသည် အီတလီ ယူ–၂၁ အသင်းနှင့်အတူ ဥရောပ ယူ–၂၁ ချန်ပီယံရှစ် ယှဉ်ပြိုင်လျက်ရှိသည်။ လာမည့် ရာသီအစတွင် မန်ယူ တိုက် စစ်မှူး ဆာဟာ အချိန်မီဒဏ်ရာမှ ပြန် မကောင်းလျှင် ဆာဟာနေရာတွင် ရော့ဆီ နေရာရလာနိုင်ဖွယ်ရှိသည်။

သို့ရာတွင် ဆာဟာသည်လာမည့် ရာသီအတွက် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းလည်း ဆာဟာ၏အေးဂျင့်က မကြာမီကပြောကြားခဲ့သည်။

ထွက်ခွာဖွယ်

တစ်ဖန် အလန်စမစ်ကလည်း လာမည့်ရာသီတွင် မန်ယူ၌ပုံမှန်ကစားခွင့်မရခဲ့လျှင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း မကြာမီကပြောကြားထားခဲ့သည်။

အခက်အခဲ

အဆိုပါတိုက်စစ်မှူး သုံးဦးသည် လာမည့်ရာသီတွင် ပုံမှန်ကစားခွင့်နေရာရရှိရေး အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ **(အင်တာနက်)**

အသက် (၂၁)နှစ်အောက် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ အင်္ဂလန်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်

လန်ဒန် ဇွန် ၁၈

အသက် (၂၁)နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို ဇွန် ၁၇ရက်က ဆက်လက်ကစားရာ အင်္ဂလန်နှင့် ဆားဘီးယားတို့ပွဲတွင် အင်္ဂလန်လူငယ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

အင်္ဂလန်အသင်းသည် အကြိုဗိုလ်လုပွဲ၌ ဟော်လန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အင်္ဂလန်အတွက် ဂိုးများကို လီတာနှင့် ဒါဘိုင်ရှိုင်းတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အီတလီနှင့် ချက်တို့ပွဲတွင် အီတလီလူငယ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (အင်တာနက်)

“ မြင်ကွင်းတွေ..ကြည်လင် ..... တိကျပြီး ..အချိန်မစား ..သိပ်မြန်တဲ့ ”

AMERICAN VISION

PROFESSIONAL EYE CARE CENTRE

ဆိုင်ခွဲအသစ်ကြီးကိုထပ်မံဖွင့်လှစ်လိုက်ပါပြီ။

အမှတ် ၂၅၊ ဘုရင့်နောင်လမ်းမကြီး၊ ရေကြောင်းသိပ္ပံရှေ့၊ ရွှေပုန်းညက်ရိပ်မွန်၊ ရန်ကုန်မြို့ မှာ နောက်ဆုံးပေါ်မျက်မှန်များကို **“ဈေးနှုန်းသက်သာစွာဖြင့်”** စတင်ရောင်းချပေးနေပါပြီ၊

အမေရိကန်ဗိုလ်ဇွိုးရှင်း မှာ မျက်စိအထူးကုသမားတော်ကြီးများကိုယ်တိုင် ပိတ်ရက်မရှိ သင့်မျက်စိကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါပြီ။ ဖုန်း ၀၁- ၅၁၅၁၂၅၊ ၅၃၉၆၀၄

ဆိုင်ခွဲအသစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။

up to **30%** **Discount** at this location only

Excellent Quality Guaranteed

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ
ဗိုလ်မှူးကြီးဝင်းဆွေ–ဒေါ်မာမာဌေး တို့၏ သားလတ်

ဗိုလ်ဖြိုးအောင်ဝင်း

B.E (Electrical Power) D.S.T.A

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးမြင့်သန်း(ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)–
ဒေါ်နုစံဦး တို့၏ တစ်ဦးတည်းသောသမီး

မအေးဖြူစံမြင့်သန်း B.Com(Q) C.P.A(Part I)

D.A(LCCI,UK), Diploma in Business Law, Diploma in English (SEAMEO Chat), Htoo Trading Co., Ltd.

တို့သည် ၁၆–၆–၂၀၀၇ရက်(စနေနေ့)တွင် Sedona Hotel၏(Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း) ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော Lazy Club အဖွဲ့သားများနှင့်တေးသံရှင်များ၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် စိန်ရတနာများကို ဆင်မြန်းပေးပါသော ဒေါ်လှလှခိုင်(စိန်အိန္ဒြေ၊ ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်ခင်စန်းဝင်းနှင့်အဖွဲ့၊ သတို့သမီးဝတ်စုံချုပ်လုပ်ပေးပါသော မမဇူ၊ ပန်းအလှပြင် Eternal Flowers၊ မေတ္တာဖြင့် ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးပေးပါသော ဦးစိုင်းဘုန်းထူးနှင့်ဇနီး ဒေါ်ဖြူဖြူညွန့်အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကို ကိုင်ဆောင်ပေးပါသော သမီးလေး မတာရာကိုကိုကြီး၊ မင်္ဂလာ ပန်းကြဲပေးပါသော မဖြူဖြူခိုင်သော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မကျော့ကေခိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမြသူစံ၊ သတို့သားအရံ ဗိုလ်ဇေယျာမောင်နှင့် ဗိုလ်ဟိန်းဇော်ဖြိုး၊ သတို့သမီးအရံ မမြင့်မွန်ကျော်နှင့် မပြုံးမြတ်မော်တို့အားလည်းကောင်း၊ Sedona Hotel၏မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဖြိုးအောင်ဝင်းနှင့်မအေးဖြူစံမြင့်သန်း။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့စားသောက်ကုန်လုပ်ငန်းအတွက် လိုအပ်သော စွမ်းအားမြင့် (120 H.P) ထွန်စက်များနှင့် အခြား ထွန်/ထယ်ကိရိယာများ ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်ရက် ၂၉–၆–၂၀၀၇ရက် (၁၆း၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
နေပြည်တော် – ဖုန်း–၀၆၇–၄၀၈၂၇၅
ရန်ကုန် – ၁၉၂(အေ)၊ ကမ္ဘာအေးဘုရားလမ်း
ဖုန်း–၀၁–၅၆၁၀၅၄။

အမည်ပြောင်း

ဦးအေးချို၏သမီး အထက(၂)၊ သဃ်န်းကျွန်း တက္ကသိုလ်ဝင်တန်း (C)မှ မကြည်ကြည်သန်းအား မမြစန္ဒီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မမြစန္ဒီကျော်။

အမည်မှန်

အမှတ်(၁)၊ အလက ထ(ခွဲ)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊အဋ္ဌမတန်း(က)မှ အဖ ဦးအောင်ခင်ထွေး၏သား မောင်ကျော်ဇင်အောင်၏ အမည်မှန်မှာ မောင်ငြိမ်းချမ်းအောင် ဖြစ်ပါကြောင်း။

လူပျော်လူတော်များအတွက်

မောင်ကောင်းထိုက်

(နီးပဒေါ်)

ထွေလီကာလီ

ရွှေပဒေသာစာပေ ဖုန်း–၃၈၄၉၂၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ပါ ဓာတ်မြေသြဇာများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	တီစူပါ(T.S.P)	၂၃၄၀ အိတ်
(ခ)	ပိုတက်(M.O.P)	၁၅၂၅ အိတ်
(ဂ)	ပိုတက်(S.O.P)	၁၄၃၀ အိတ်
(ဃ)	ကျောက်မှုန့်	၉၂၀ အိတ်

၂။ တင်ဒါပိတ်ရက် – ၂၉–၆–၂၀၀၇ရက် (၁၆း၀၀)နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
(က) နေပြည်တော် ဖုန်း ၀၆၇–၄၀၈၂၇၆
(ခ) ရန်ကုန်၊ အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း ၀၁–၅၆၁၀၅၄။

မဟာကျော်

“ရာထူးဝင်ခွင့်”
အနီးကပ် (၅)ရက်ပြတ်

(A) Daily 7:30 a.m to 10:30 a.m
(B) Daily 1:00 p.m to 4:00 p.m
(C) Daily 3:00 p.m to 6:00 p.m

အမှတ် (၁၇၀)၊ ဆိပ်ကမ်းသာလမ်း (လယ်)၊ (19.6.07) စမည်။
ဖုန်း - 0999-29623

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် PP-121897သည် ခရီးသွားစဉ် ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း ၀၅၂–၂၁၅၂၅၊**

မသီဂီ။

SHOE GALLERY

“သင်တို့အတွက် ဖိနပ်၊ ကျွန်ုပ်တို့၏ ဖန်တီးမှု”

19.6.2007 မှ စတင်၍ မော်လမြိုင်မြို့တွင် SHOE GALLERY ဆိုင်ခွဲ ပန်းပွင့် ဖိနပ်ဆိုင်ကို ထပ်မံတိုးချဲ့ ဖွင့်လှစ်လိုက်ပါပြီ။

ဆက်သွယ်ပါ

ယာဉ်အမှတ် သ/၉၃၀၈ Super Saloon ကားနှင့် ပတ်သက်သော (ကမ–၃)လိုင်စင်စာအုပ်နှင့်အခွန်ကျေပုံစံ(၁)မူရင်းလက်ဝယ်ရှိသူက လက်ရှိယာဉ်ပိုင်ရှင်နှင့် အမြန်ဆုံး ဆက်သွယ်ပါ။ **ဖုန်း–၀၅၅–၃၀၂၉၄၊ ၀၉–၅၁၅၆၀၄၀၊ ၀၉–၅၁၆၀၀၀၂။**

THE GOAL SPORTS JOURNAL

“ဘောလုံးဆိုတာ အားကစားနည်းတွေထဲက တစ်ခုပါ”

အားကစားကဏ္ဍစုံကို သိနိုင်ဖို့..........

MULTI-SPORTS JOURNAL

ကြာသပတေးနေ့တိုင်း THE GOAL SPORTS JOURNAL

အမှတ်(၂၆၇)၊ အခန်း(၂၀၁)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မိုးလေဝသအခြေအနေ

၁၉–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မင်္ဂလာဗျူဟာအသင်း ပရဟိတအဖွဲ့ သက်ကြီးဘိုးဘွားများအား ပူဇော်မည်

ရန်ကုန် ဇွန် ၁၈

မင်္ဂလာဗျူဟာအသင်းချုပ်၏ အဖွဲ့ငယ်ဖြစ်သော မင်္ဂလာဗျူဟာပရဟိတအဖွဲ့သည် အသင်းတည်ထောင်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၁၀၀)နှင့်အထက် အဘိုး၊ အဘွား ၈၀ခန့်တို့အား ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်ရုံးတွင် ဇွန် ၂၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန်နှင့် ငွေနှင့်လှူဖွယ်ပစ္စည်းများကို အဖွဲ့အတွင်းရေးမှူး ဒေါ်ခင်လှဲ့ဝင်း ဖုန်း–၀၉–၅၁–၇၅၆၅၂၊ ၇၀၇၀၅၁၊ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့် ဖုန်း–၀၉–၈၀–၃၁၅၈၂နှင့် အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးအေးသိန်း ဖုန်း–၀၉–၅၁–၀၈၀၈၇နှင့် ရုံးအဖွဲ့မှူး ဖုန်း–၃၇၀၉၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျေးဇူးဆပ်ပါမည်

ထ/၂၅၂၉ ၏ အခွန်ပုံစံ(၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဆက်သွယ်ရန်
ဖုန်း–၀၉–၈၀–၂၁၃၈၅၊ ၇၂၃၀၈၀။

ကျေးဇူးဆပ်ပါမည်

ဓ/၃၃၃၇ ၏အမြတ်ခွန်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၆၉၀၃၇၁။

Since 1986 KMD Computer Centre

၅၅၀ - ၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၇၇၆

Software Engineering in Duration: 200 Hours
Database & Ecommerce
e-commerce site/ website များဖန်တီးရေးသားလိုသူများအတွက်

Duration: 340 Hours
Software Engineering
Customized Program များ မိမိစိတ်ကြိုက် ရေးသားလိုသူများအတွက်

ပန်းကလေးများ ပွင့်တော့မည်

မေလ ၂၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာရေးဆရာ၊ ကဗျာဆရာ ရေနံ့သာ မောင်ကျော်ညွှန့်၏ အနာဂတ်ရဲ့ ဗိသုကာ ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ကဗျာ ပထမပိုဒ်ကို ဖတ်နေမိသည်။

- ကလေးများရဲ့လက်ထဲတွင် အနာဂတ်ရဲ့ ပုံရိပ်ထင်၊ သူတို့လိုအင် ဖြည့်ဆည်းပေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး။
- ကလေးဆိုတာ ရတနာ၊ အနာဂတ်ရဲ့ ဗိသုကာ၊ ကြင်ကြင်နာနာ စောင့်ရှောက်ပေး ကျန်းမာသန်စွမ်းရေး။
- ကလေးတို့ကို မြတ်နိုးပို၊ ပြုစုပေးဖို့လို၊ အနာဂတ်ရဲ့ ပိုင်စိုးရေး၊ လူချွန်လူမွန် ဖြစ်အောင်မွေး။

ကဗျာဖတ်၍ မဆုံးသေးမီ မိတ်ဆွေတစ်ဦး ရောက်လာသည်။ အချိန်ကား ညနေခင်းဖြစ်၍ ကျွန်တော်စိတ်ပူသွားသည်။ မိတ်ဆွေက အရက်သောက်တတ်သည်။ တစ်ခါတစ်ရံ ညနေပိုင်းလာ၍ အရက်ဖိုးခွဲတမ်းချတတ်သည်။ သူဝင်လာတော့ ထုံးစံအတိုင်း ကျွန်တော်က "လာပါ ထိုင်ပါပေါ့" ဖိတ်မန္တက ပြုသည်။ သို့ရာတွင် ထူးခြားနေသည်က ကျွန်တော် ထိုင်ခိုင်းသော်လည်း သူကမထိုင်။ သူ့နောက်တွင် ပါလာသော ကလေးအားခေါ်၍ ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ "သားလာ ဒါအဖေ့ရဲ့ သူငယ်ချင်း သားမှတ်ထား အဖေတို့ကို ညီအစ်ကို မိသားစုလို အမြဲတမ်းကူညီနေတာ"ဟု ဆိုကာ ကျွန်တော့်အား ပြုံးပြနေလိုက်သည်။ "ကဲပါ မောင်ရင်ရယ် သားပါခေါ်လာတယ်ဆိုတော့ အကြောင်းထူးတော့ရှိမယ် ထင်တယ်။ ထိုင်ပါဦး ကိစ္စက"လို့ ကျွန်တော်မေးပြော ပြောလိုက်တော့ နှုတ်ခမ်းလေး ဟစိ ဟစိနှင့် တော်တော်နှင့်အသံက ထွက်မလာဘဲ နောက်မှ"ဒီလိုဆရာ ကျွန်တော်တို့ ဒီလကုန်ရင် ကျောင်းတွေဖွင့်တော့မယ်လေ။ အဲဒါ ဒီသားလေးကို ကျောင်းအပ်ဖို့ ကျောင်းစရိတ်ကလေး လှူပါဦးဆရာ"လို့ ပြောပြောဆိုဆို ကလေးကို ထိုင်ခိုင်းပြီး ကျွန်တော့်ကို ကန်တော့ခိုင်းသည်။

ကျွန်တော်အံ့သြရသည်။ ကျွန်တော်သည် ပြေလည်သူမဟုတ်၊ အိမ်က မိသားစုတွေက ဈေးကလေးရောင်းလို့ ထမင်းနပ်မှန်အောင် စားနေရသူ ဖြစ်သည်။

ကလေးကလည်း သူ့အဖေသင်လာသလားမသိ၊ အလိုက်သိပုံရသည်။ ကျွန်တော့်အား ထိုင်ကန်တော့ပြီး မျက်လုံးကလေး ကလည်ကလည်ဖြင့် ရိုကျိုးစွာ ကြည့်နေသည်။ ကျောင်းတက်ချင်နေပုံ တွေ့ရသည်။

ဖတ်လက်စ သတင်းစာကို ရှေ့သို့ပစ်ချလိုက်ပြီး ကူညီနိုင်သလောက် ကူညီလိုက်သည်။ သားအဖနှစ်ဦး အိမ်ပေါ်မှ ဆင်းသွားပြီး ကျွန်တော် သူတို့နောက်ကျောပြင်ကို ငေးကြည့်ရင်း တွေးနေမိသည်။ ဒီကလေးကဲ့သို့ ကျောင်းတက်ရန် ခက်ခဲနေသူတွေ အများကြီးများ ရှိနေခဲ့လျှင် မျိုးဆက်သစ် ကလေးတွေ အများကြီး ဆုံးရှုံးနစ်နာတော့မည်။ မည်သို့ ကူညီဖြေရှင်းရမည်ကို စိတ်မကောင်းစွာ စဉ်းစားနေမိသည်။

ချစ်မိုးညို

တစ်နေ့ မြို့နယ်ပညာရေးမှူးရုံးမှ ဖိတ်စာတစ်စောင် ရောက်လာသည်။ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး ဖိတ်စာဖြစ်သည်။ ကျွန်တော် အတော်ကလေး စိတ်ဝင်စားသွားသည်။ ဖိတ်စာရ၍ ကျေးဇူးလည်း တင်မိသည်။

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပသည့်နေရာက လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အချိန်က နံနက် ၉ နာရီခွဲ၊ အခမ်းအနားက ခံ့ညားထည်ဝါလှပါဘိ၊ တက်ရောက်လာကြသူများအား လက်ဖက်ရည်နှင့် ကောက်ညှင်းဆီထမင်းဖြင့် ကျွေးမွေး ဧည့်ခံသေးသည်။ အခမ်းအနားစတင်လျှင် အခမ်းအနားမှူး ဆရာမလေးက အလှူရှင်များနှင့် တက်ရောက်လာသူတို့ကို မြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကား ပြောကြားပေးပါရန် ဖိတ်ခေါ်သည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးက ကျောင်းအပ်နှံရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။ နှစ်တိုနှစ်ရှည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် အသက်ငါးနှစ်ပြည့် ကျောင်းသားကျောင်းသူ တစ်ဆယ့်တစ်သိန်းရှစ်သောင်းကျော်ရှိ၍ ၉၇ ဒသမ ၈၄ ရာခိုင်နှုန်းအထိ ကျောင်းနေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လှိုင်သာယာမြို့နယ်အတွင်းတွင် စာသင်ကျောင်းပေါင်း ၅၈ကျောင်းရှိပြီး သူငယ်တန်း ကျောင်းသားသစ်အနေဖြင့် ရပ်ကွက်၊ ကျေးရွာ ၂၉ ခုမှ ရှစ်ထောင်ကျော် ရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဝေါဗ်ိဳးရှင်း(မြန်မာ)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အဏ္ဏဝါလွမ်းကုမ္ပဏီ၊ မိဘဆရာအသင်းများနှင့် အခြားအလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ်သိန်းပေါင်းနှစ်ရာ့ခြောက်ဆယ်ခန့်(သိန်း၂၆၀)ခန့် စေတနာထက်သန်စွာ လှူဒါန်းကြသည်ကို တွေ့ရှိရသည်။

ကျွန်တော်သည် အများနည်းတူ လက်ခုပ်တီးရင်း ရင်ထဲမှာ ဆို့နင့်ပီတိဖြစ်ရသည်။ ကျောင်းအပ်နှံဖို့ခက်ခဲသော ကလေးများအတွက် ကျောင်းမထားနိုင်သည်မှာ မရှိတော့ပါ။ ကျွန်တော်လည်း ယခုလို အခမ်းအနားမျိုးတွင် ပါဝင်လှူဒါန်းဖြစ်အောင် ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။ အခြားအခြားသော အလှူရှင်များလည်း တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးကို ရှေးရှု၍ ကျောင်းအပ်နှံရေးအတွက် ဝိုင်းဝန်းလှူဒါန်းပေးကြရန် တိုက်တွန်းလိုပါသည်။

အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ ကျောင်းမနေရသူ မရှိတော့သလို အနာဂတ် နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ် လူငယ်မောင်မယ်များ ပေါ်ထွန်းလာမည်မှာ မလွဲဧကန်ဖြစ်ပေသည်ဟု ယုံကြည်မိသည်။

ဤကဲ့သို့ အလှူရှင်များ၏ စေတနာထက်သန်မှုက မျိုးဆက်သစ် လူငယ် မောင်မယ်များအတွက် အားဆေးပင်ဖြစ်ရာ မြို့နယ်အလိုက်၊ တိုင်းအလိုက် စသည်ဖြင့် ကူညီပံ့ပိုးသွားကြမည်ဆိုလျှင် ယနေ့မှ နှစ်တစ်ရာတိုင် ပန်းတိုင်းပွင့်ကြတော့မည်။ တစ်နည်းအားဖြင့် ပန်းကလေးတွေ ပွင့်တော့မည်ဟု စိတ်ကူးရင်း...

ရေနံ့သာ မောင်ကျော်ညွှန့်ရဲ့ ကဗျာလေးလည်း ဆက်လက်ဖတ်ဖြစ်ခဲ့ပေပြီ။

- အတွေးဉာဏ်ကျယ် အသိကြွယ်၊ ပညာတတ်အောင် သင်ရမယ်၊ ကျောင်းနေအရွယ်ကလေးတို့ ပညာသင်ဖို့ ကျောင်းအပ်စို့
- တစ်ယောက်မကျန် အပ်နှံဖို့ ဝိုင်းဝန်းကူညီစို့။ ။

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လွိုင်လင်၌ ကျင်းပ

လွိုင်လင် ဇွန် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး တက်ရောက်၍ သစ်ပင်များ၏ အခန်းကဏ္ဍ အရေးပါမှုများကို ရှင်းလင်းပြောကြားသည်။

ပျိုးပင်များပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးဇနက်ကျွမ်း၊ ကွန်ပျူတာတက္ကသိုလ်မှ ဗိုလ်ကြီးဘရီ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေး၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နီနီလှိုင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်သန်းသန်းအေးတို့အား ပျိုးပင်များကို ပေးအပ်၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများ စုစုပေါင်း အင်အား ၁၅၀၀ခန့် တက်ရောက်ကြပြီး ကျောက်ထင်းရှူး၊ ချယ်ရီ၊ ရေသင်းဝန်၊ စိန်ပန်းပြာတို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေး ဘုတ်ပြင်း၌ တွေ့ဆုံဆွေးနွေး

ဘုတ်ပြင်း ဇွန် ၄

ဘုတ်ပြင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်မေသင်းကြိုင်နှင့်အဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးနှင့် သာယာလှပရေးတို့အတွက် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲများကို မေ ၂၅ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နံနက် ၉နာရီတွင် ကြိမ်နီတောင်ကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် ချောင်းကဖီးကျေးရွာ၌လည်းကောင်း ကျေးရွာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီချိုက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး မှာကြားသည်။

လက်ခံ

အဆိုပါ ဆွေးနွေးပွဲတွင် ချောင်းကဖီးကျေးရွာ သမ္မာအသိ စာကြည့်တိုက်သို့ ပြည်သူများအပန်းဖြေ ဖျော်ဖြေရန် ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ ဗွီစီဒီပြစက်၊ အသံချဲ့စက်၊ ဆောင်းဘောက်များကို ကျေးရွာဥက္ကဋ္ဌ ဦးချိုဦးက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းများပျက်စီးခြင်းမှ ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများ ဆောင်ရွက်မှုကို မေ ၂၇ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေပိုက်လိုင်းသွယ်တန်း

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရပ်ကွက်(၃) လေယာဉ်ကွင်းလမ်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

19-6 (15) 1 6/18/07, 1:59 PM

မန်တုံမြို့နယ်ပြန်/ဆက် စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အသိပညာပေးဆွေးနွေး

မန်တုံ ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှ အရာရှိစစ်သည်များ၊ ပလောင်တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်း၊ မြို့နယ်ပညာရေးမှူး ဦးတီယာအုပ်၊ ကျောင်းအုပ်ဆရာကြီး ဦးချစ်ဝင်းနှင့် စာကြည့်တိုက်မှူး ၁၂၅ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက စာကြည့်တိုက်မှူးများတွင် ရှိရမည့် အရည်အချင်းများ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး နည်းလမ်းများ၊ စာအုပ်စာစောင်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားပြစက် အလှူခံရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

လေ့လာကြည့်ရှု

ထို့နောက် အသိပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် စာကြည့်တိုက်မှူးများက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးနေ့ အကြိုနံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများကို လေ့လာကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၂ ရက်က ပေါက်ခေါင်းမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့အဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်း အလှပြုပြင်ခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခရိုင်နှင့်မြို့နယ် မြေစာရင်းဦးစီးမှူးများ လုပ်ငန်းခွင် အထူးမွမ်းမံသင်တန်းဆင်း

တိုက်ကြီး ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခရိုင်၊မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းခွင် အထူးမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၉နာရီက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင်ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က လယ်ယာမြေ မှန်ကန်စွာ အသုံးချရေး၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုစာရင်းများ မှန်ကန်ရေး၊ လယ်ယာမြေ စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးနှင့် နည်းပညာစွမ်းရည်များ မြင့်မားလာစေရေးတို့အတွက် ယခုကဲ့သို့ မွမ်းမံသင်တန်းပေးခြင်း ဖြစ်ကြောင်းဖြင့် မှာကြားပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူးနှင့် နည်းပြ ဆရာများ၊ သင်တန်းသားများ တက်ရောက်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် မေ ၁၈ရက်က ဦးစီးအရာရှိ ဦးဌေးနိုင် ဦးဆောင်သော အဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများစုပေါင်း၍သန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရှားမြို့နယ်၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ရှား ဇွန် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မေ ၃၁ရက်က ပြည်သာယာလမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းတူးဖော်၍ သန့်ရှင်းရေးပြုလုပ်ကြပြီး ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစည်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

စာဖတ်ဝိုင်းဆွေးနွေးပွဲ ဘားအံ၌ကျင်းပ

ဘားအံ ဇွန် ၈

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဘားအံခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးစောမြရွှေ ဦးဆောင်သော စာဖတ်ပွဲကို ဇွန် ၁ရက် နံနက် ၁၁နာရီက ဘားအံ ခရိုင်ရုံးရှိ ရုပ်မြင်သံကြားပြသခန်းတွင် ကျင်းပသည်။

စာဖတ်ပွဲတွင်ဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ) ရေးသားသော အောင်မြင်မှုနှင့်ပျော်ရွှင်ခြင်းစာအုပ်မှ ပါရှိသော အောင်ပွဲ၊ နည်းလမ်း၊ ပန်းတိုင်ဆောင်းပါးကို ရုပ်/သံကျွမ်းကျင်(၃) ဒေါ်နန်းသဇင်က ဖတ်ကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြခိုင်က ဆွေးနွေးသည်။

ဆက်လက်၍ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄) အမှတ်(၁၀)မှ စာတည်းမှူး၏ လှိုင်းနှင့်လှေ ဆောင်းပါးကို ရုပ်/သံ ကျွမ်းကျင်(၃) ဦးစောဆန်းယုက ဖတ်ကြား ပြီး မြို့နယ် ဦးစီးမှူး ဦးစောဝင်းဂိတ်က ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးချက်များအပေါ် ဦးစီးအရာရှိ ဦးစောမြရွှေက ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အားမာန်ရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်း

ဟသ်ာတ ဇွန် ၅

ဟသ်ာတမြို့ လယ်တီကျေးရွာအုပ်စု ရှမ်းတောရွာရှိ အားမာန်ရောင်ခြည် စာကြည့်တိုက်အတွက် မြေနှင့်အုတ်ပတ်ကား စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်လွှဲပြောင်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၄ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လှိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညွန့်နှင့် အလှူရှင် ဦးကျင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ထို့နောက်အလှူရှင်က စာကြည့်တိုက် အဆောက်အအုံအတွက် မြေနှင့် အဆောက်အအုံ မှတ်တမ်း စာရင်းဇယားများကို ဦးစီးမှူး ဦးမောင်မောင်ညွန့်သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၁၀၀၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်၅၀၊ အလှူရှင်လေးဦးက စာအုပ် ၃၅၀တို့ကိုပေးအပ်လှူဒါန်းရာစာကြည့်တိုက် ဥက္ကဋ္ဌ ဦးရွှေကလည်းကောင်း၊ စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူရှင် ဦးကျင်–ဒေါ်သောင်းသောင်း မိသားစုက ငွေကျပ် ၂၀၀၀၀၊ ဦးအေးထွန်း မိသားစုက ငွေကျပ် ၁၀၀၀၀၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်၅၀၀၀၊ ဦးအေးဟန်၊ ဦးကျော်မြ၊ ဦးလင်းနိုင်ချို၊ ဦးလှထွန်း၊ ဦးရဲလွင်၊ ဦးနေလင်းအောင် မိသားစုတို့က ငွေကျပ် ၅၀၀၀စီနှင့် ကျန်အလှူရှင် နှစ်ဦးတို့က ငွေကျပ် ၃၀၀၀စီတို့ကို လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီက လက်ခံယူသည်။

အလှူရှင် ဦးကျင်မိသားစုက ငွေကျပ်သိန်း ၂၀ခန့် အကုန်အကျခံ၍ မြေနေရာနှင့် အလျားပေ ၂၀၊ အနံ ၁၅ပေရှိ အုတ်တိုက်အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၇ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးထုပ်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမည်ဖြည့်စွက်ခြင်း

ကုန်းလမ်းပို့ဆောင်ရေး၊ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (လားရှိုး)မှ ယာဉ်မောင်း(၃)ဦးခိုင် (တီ-၂၆၉၄၀)အား မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်)၀၃၆၉၃၃အရ ဦးခိုင်(ခ)ဦးမောင်ခိုင်နှင့် ဖခင်အမည်အား ဦးအောင်တင်(ခ) ဦးအောင်ခင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **ဦးခိုင်(ခ)ဦးမောင်ခိုင်။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၂၉၄၀ တိုယိုတာကိုရိုလာ KE 74 စတေရှင်ဝက်ဂွန်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှီကြားချွန် ၁၃/လရန(နိုင်)၀၇၇၆၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး၊ (လားရှိုး)။

ငွေရတုမင်္ဂလာဆုမွန်လွှာ

၁၆-၆-၂၀၀၇ရက်တွင် ကျရောက်ခဲ့သော ချစ်ပါပါ ဦးကျော်သိန်း (MD. Aung Daing International Ltd. Kiss Cold Store and Processing Plant . Sittway)နှင့် ချစ်မေမေ ဒေါ်ကြည်ကြည်သိန်း (Kiss Enterprise)တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး-ဇော်မျိုးအောင် (တူတူ) [Kiss Music Studio (Sittway) & Music Land Music Production]-အေးခိုင်ဇံ(B.C.Sc.) (Hons)

ချစ်သမီး – ခင်စုဝေကျော်

ချစ်သားလတ် – ဇော်ထက်အောင်

ချစ်သားငယ် – ပိုင်စိုးလင်း

ချစ်မြေး – မင်းသုတ (Kiss မိသားစု)။

Myanmar World Distribution Co.,Ltd

Powering e-innovation

MPT Satellite Terminal System ipstar*

- Telephone 4 lines ပါဝင်ပြီး မြန်မာနိုင်ငံတစ်ဝန်း မည်သည့်နေရာတွင်မဆို တပ်ဆင်အသုံးပြုနိုင်မည့် အပြင် ပြည်တွင်း၊ ပြည်ပကို အချိန်မရွေး ခေါ်ဆိုဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်သည်။
- မြန်နှုန်းမြင့် Internet နှင့် e-mailတို့ကို တစ်ပြိုင်တည်း လျင်မြန်သောနှုန်းဖြင့် အချိန်အခါမရွေး ၂၄နာရီပတ်လုံး အသုံးပြုနိုင် မည်ဖြစ်ပါသည်။

MPT ADSL System

- ADSL System သည် မြန်နှုန်းမြင့် ဆက်သွယ်မှုစနစ် Broadband Communication System ဖြစ်ပါသည်။
- Telephone နှင့် Internet + e-mail တို့ကိုတစ်ပြိုင်တည်း လျင်မြန်သောနှုန်းဖြင့် ၂၄ နာရီလုံး ချိတ်ဆက် အသုံးပြုနိုင်ပါသည်။

Contact Address:

- No.159/161, Myanmar Gone Yi Street, Mingalar Taung Nyunt Township, Yangon, Myanmar. Ph 382982,382983 , 246440 , 384090 Fax : 246440
- Yadanarbon Cyber Corporation, Rm- 3, 3rd Floor, Yadanarbon Market, Mandalay, Myanmar.Tel: 952- 89647, 89415, 89650
- No.(4/54),Ygn - Mdy Rd, Ywakauk Corner, Pyinmana, Naypyitaw Tel :067-21035/ 21036.

Email: salemwd@mwd.com.mm

Website : www.mwd.com.mm

Available now!

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်-၉/၂၀၀၇
၁၃၆၉ခုနှစ် ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၀၇ခုနှစ် ဇွန်လ ၁၅ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

ရာထူး	လစ်လပ်	ပညာအရည်အချင်း
လက်ထောက်မန်နေဂျာ	၁၀ နေရာ	စီးပွားရေးတက္ကသိုလ်များမှဘွဲ့တစ်ခုခု

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၁၀-၇-၂၀၀၇ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ **လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ၁၀-၇-၂၀၀၇ ရက်အရောက် ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေကျပ် ၂၀၀ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ/နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆-၁-၂၀၀၇ရက်စွဲပါ စာအမှတ်-၁၅၅/ ရွေးချယ်ရေး(အဓိက)/၂၀၀၇ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်(ပြင်ဆင်ချက်)စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင်ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၁၀-၇-၂၀၀၇ရက်အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂-၈-၂၀၀၇ရက်နှင့် ၁၃-၈-၂၀၀၇ရက်များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၉-၈-၂၀၀၇ရက်မှစ၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၀၅၂နှင့် ၀၆၇-၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb. imis. com. mm နှင့် www. csstb. gov. mm တွင်လည်း ဖော်ပြထားပါသည်။

အမည်မှန်

ဦးခွန်သိန်းမင်းဦး၏ သားဖြစ်သူ တောင်ကြီးမြို့ အထက (၇) စတုတ္ထတန်း (A)မှ ခွန်မင်းသူ၏ အမည်မှန်မှာ ခွန်စည်သူဖြစ်ပါကြောင်း။ **ခွန်စည်သူ။**

မြင်းခြံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ငါ့နန်းကျေးရွာ စက်ရေတွင်းကို မေ ၇ ရက်က လက်ထောက် အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေ ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ဖိုးတုပွဲ-မယ်ဇလီခင်-ဒိုးတန်းလမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ ဇွန်၂ရက်က အမှုဆောင် အရာရှိ ဦးတင်ဌေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၁၀" ဒန်အိုးများဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ၁၀" ဒန်အိုး (၁၂၀၀၀)လုံး ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၅-၇-၂၀၀၇ ရက်(၁၆:၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀/-(ကျပ်သုံးထောင်တိတိ)နှုန်းဖြင့် ပစ္စည်းဝယ်ယူရေးကော်မတီ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံးအမှတ် (၂၃)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၀၆၇-၄၀၄၁၁၄၊ ၄၀၄၀၄၉၊ ၄၀၄၀၄၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရေးကော်မတီ။

ဒေါက်တာသီသီ ၁၂/ကတတ (နိုင်) ၀၀၃၆၇၅နှင့် အများသိစေရန် ကွာရှင်းပြတ်စဲကြောင်း ကြေညာချက်

ဒေါက်တာတင်အောင် ၁၂/တကန(နိုင်)၀၇၀၉၃၆ နှင့် ဒေါက်တာသီသီ ၁၂/ကတတ(နိုင်)၀၀၃၆၇၅တို့သည် ၁၁-၈-၁၉၉၆ ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီနေကာ လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။

ဒေါက်တာသီသီသည် မယားဝတ္တရားပျက်ကွက်လျက် ၁၂-၂-၂၀၀၃ ရက်က ဒေါက်တာတင်အောင်နှင့်သမီးတို့ကို အကြောင်းမဲ့စွန့်ပစ်၍ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားခဲ့ပါသည်။

ဒေါက်တာတင်အောင်မှ တလာက်တစ်ခါတည်း သုံးကြိမ်နှုတ်ဖြင့် ပေးကြေညာအတည်ပြုပြီး လင်မယားတလာက်ပေးကွာရှင်း ပြတ်စဲလိုက်ကြောင်း ၁၅-၇-၂၀၀၃ရက်က ကြေညာပြီးဖြစ်၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ထို့ကြောင့် ဒေါက်တာတင်အောင်နှင့် ဒေါက်တာသီသီတို့မှာ လင်ခန်း၊ မယားခန်း ပြတ်စဲသွားပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာတင်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဌေးဌေးမြင့် B.A (Law)LL.B
တရားရုံးချုပ်ရှေ့နေ စဉ်-၂၃၇၀/၈၃
အမှတ်-၁၅၊ ရတနာလမ်း၊ ရပ်ကွက် (၁)၊ နယ်မြေ (၄)၊ လားရှိုးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး
စိန်ဂေဟာ၊ ပါဝါရွှေဆိုင်
ဒေါ်စိန်(ခ)ဝေါင်ရှုကွင်း (ရန်ကုန်)
အသက် (၉၇)နှစ်

တောင်ကြီးမြို့နေ ဦးကျော်နိုင်-ဒေါ်ကျင်ထွေး(ဖက်ရှင်မီနီမားကက်)တို့၏ မိခင်ဖြစ်သူသည် ၁၅-၆-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မေသျှမ်းစားသောက်ဆိုင်၊ ဖက်ရှင်မီနီမားကက်
ဗွီးရှင်းစတိုးမှ ဝန်ထမ်းများ။

THREE FRIENDS CONSTRUCTION CO., LTD.

➤Modern Furniture
များပြုလုပ်အလှဆင်ပေးခြင်း
(MDF,Ply,Chip,Teak)
➤Wall Paper

10 % Discount June(11 to 30)

◈ အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

◆အခန်းဖွဲ့ခြင်း (ဂျပ်ဆင်ဘုတ်၊အုတ်၊ဂျပန် T & G Thaiply) ◆လျှာထိုးခင်းခြင်း၊
◆မျက်နှာကြက်အလှဆင်ခြင်း၊ ◆ပါကေးခင်းခြင်း၊ ◆ကြွေပြားကပ်ခြင်း၊ ◆ဆေးသုတ်ခြင်း၊ပေါလစ်တင်ခြင်း၊
◆လျှပ်စစ်လုပ်ငန်းများ၊ ◆ရေသွယ်တန်းခြင်း၊ ◆မှန်၊Composite၊အလူမီနီယံများဖြင့် အလှဆင်ခြင်း၊
◆စတီးလုပ်ငန်းများ(စတီးဖြင့် လက်ရမ်း၊ပရိဘောဂများပြုလုပ်ခြင်း)
◆သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရိုက်) ◆Rollershutter (လိပ်တံခါး)
◆Architectural Design ရေးဆွဲပေးခြင်း၊....

◈အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း

◆ပလတ်စတာကောနစ်၊ပလတ်စတာဘုတ်၊ဂျပ်ဆင်ဘုတ်၊◆ပလတ်စတာချည်မျှင်၊ ◆ပလတ်စတာအမှုန့်၊
◆နံရံကပ် Wall Covering ◆အသင့်ခင်းလျှာထိုးပြား၊◆C-channel ◆Black Screw၊
◆L-Bar၊◆တံခါး၊ ◆Door Lock၊◆ပါကေးတုံး၊ ....

◈ အထပ်မြင့်နှင့်လုံးချင်းအိမ်များဆောက်လုပ်ခြင်း(PAE)

◆30' x 40' နှစ်ထပ် RC အဆောက်အအုံအတွက် (ပစ္စည်း+လက်ခ+ကြီးကြပ်ခ)
ခန့်မှန်းကုန်ကျစရိတ်မှာကျပ်သိန်း(၃၀၀)ကျော်ခန့်သာကုန်ကျပါမည်။

44A(1)၊ကျိုက်ကဆံအိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဇတ္တိဌာန)အနောက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ဖုန်း-01-201478, 299947, 294864, 298341
09-50-11443, 09-50-10289, 09-51-54853, 09-51-55037

ပလင်းတန်ဖိုး မြှင့်ဖို့ စာအုပ်စာပေ လေ့လာစို့

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအတွင်း ကျွန်းအထူးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ပါယ်ကြိုးဝိုင်းအတွင်းရှိ ကျွန်းအထူးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ် ၁၉ သစ်စက်(ဝင်တဲကူး)၊ အမှတ်၅၆သစ်စက်(သစ်ပုတ်ပင်)၊ အမှတ် ၇ သစ်စက်(သစ်ပုတ်ပင်)နှင့် အမှတ် ၂၈ သစ်စက်(မင်းပြင်)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်များ၌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းနှင့် စက်ရုံမှူးများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံများအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအတွင်း ကျွန်းအထူးစိုက်ခင်းဧက ၇၀၀ ယာယီပျိုးဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာန လယ်ဝေးမြို့နယ် ဦးစီးအရာရှိ ဦးသန်းကျော်၊ သစ်တောဦးစီးဌာန *စာမျက်နှာ ၃ ကော်လံ ၅* ■

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများ ဤသို့လေ့ကျင့်လျက်ရှိကြသည်။ (မြန်မာ့အလင်း)

နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေး လက်ရွေးစင်အသင်းနှင့် ယူ-၁၉ အမျိုးသမီးအသင်း ဖွဲ့စည်းလေ့ကျင့်

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၇ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် အသက် ၁၉နှစ်အောက် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတို့ကို ရွေးချယ်ဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ချန်ပီယံရှစ်

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လာမည့်စက်တင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်အားကစားသမား ၂၂ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင် (ပြည်ထဲရေး)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ သင်းသင်းစိုး၊ **(နောက်တန်း)** သဲသဲချို၊ ခင်ချောစုလှိုင်၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ အေးအေးခိုင်၊ သက်သက်ဝင်း၊ **(အလယ်တန်း)** အေးနန္ဒာလှိုင်၊ စုစုဝေ၊ နန်းကြေးငုံ၊ သူဇာထွေး၊ တင်တင်စိုး၊ သန်းသန်းထွေး၊ **(ရှေ့တန်း)** စန်းယုနိုင်၊ ခင်မာလာထွန်း၊ မာလာဝင်း၊ မိုင်နီလာထွေး၊ ဇင်မာဝမ်းတို့ ပါဝင်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

NLD ပါတီသည် နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့်လုပ်ရပ်များနှင့် အကျိုးပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကို ရေးရှုလုပ်ဆောင်နေ ပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုစိတ်မရှိသဖြင့် အိမ်မဲမြို့နယ်မှ ပါတီဝင် ၃၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၈

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ချောင်းသာကြီးကျေးရွာနေ ဦးမြင့်ဆွေ၊ ဦးစိုးလေး၊ ဦးမြဆောင်တို့အပါအဝင် ပါတီဝင် ၁၂ ဦး၊ ပုလုံညောင်ဝိုင်းကျေးရွာနေ ဦးသာအေးနှင့် ဦးမြင့်ဆွေ၊ တံခွန်တိုင်အညာစုကျေးရွာနေ ဦးတင်ညွှန့်၊ ဦးဘဂျမ်း၊ ဦးချိုချိုတို့အပါအဝင် ပါတီဝင် ကိုးဦး၊ တကောကျေးရွာနေ ဦးတင်ရီ၊ ဦးအပေါင်းတို့အပါအဝင် ပါတီဝင် လေးဦး၊ ပါရမီဒေါင့်ကျေးရွာနေ ဦးစန်းလွင်နှင့် ဦးဝင်းဦး၊ ရာဂူးရိုးကျေးရွာနေ ဦးလှရီနှင့် ဦးထွန်းမြိုင် စုစုပေါင်းပါတီဝင် ၃၁ ဦးတို့သည် ဇွန် ၇ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့်လုပ်ရပ်များ၊ နိုင်ငံနှင့်လူမျိုး အကျိုးပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကို ရေးရှုလုပ်ဆောင်လျက်ရှိကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ၊ NLDပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုစိတ် မရှိတော့သောကြောင့် ၎င်းတို့၏ဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**